UMoR University of Mandalay Open Access Repository

| | |
|---|---|
| Title | Historical Evidences of Shan: Special References with Royal Orders of Burma |
| All Authors | Moe Moe Oo |
| Publication Type | Local Publication |
| Publisher (Journal name, issue no., page no etc.) | Myanmar Historical Research Journal, No-25, 113-149 |
| Abstract | Shan records are 463 pages of Royal Orders for passed by Kon-baung Kings (1752-1885). Their ruled for 130 years and most of the orders for Shan State he passed were more or less routine. They tell us nothing but the king's conduct of detailed. |
| Keywords | Political, Social, Economic, Cultural, Religious |
| Citation | |
| Issue Date | 2013 |

# ကုန်းဘောင်ခေတ်အမိန့်တော်များမှ ရှမ်းပြည်နယ်ဆိုင်ရာသမိုင်း အထောက်အထားများ[၁]

ဒေါက်တာ မိုးမိုးဦး[၂]၊ ဒေါ်ခင်ချိုနွယ်[၃]၊ ဒေါ်နန်းသန်းသန်းတင်[၄]

## ကုန်းဘောင်ခေတ်အမိန့်တော်များ ၏ နောက်ခံသမိုင်း လေ့လာချက်

ကုန်းဘောင်ခေတ်အမိန့်တော် (၁၀)တွဲကို ဆရာကြီး ဒေါက်တာသန်းထွန်းရေးသားပြီး ဂျပန်နိုင်ငံ၊ ကျိုတိုမြို့တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ အမိန့်တော် (၁၀)တွဲအနက် အတွဲ(၁)နှင့် (၂)သည် ညောင်ရမ်းခေတ်အမိန့်တော်များဖြစ်ပြီး၊ အတွဲ (၃)မှ (၉)ထိ ကုန်းဘောင်ခေတ် ထုတ်ပြန်သော အမိန့်တော်များဖြစ်သည်။ အတွဲ (၁၀)သည် အမိန့်တော်များ၏ အညွှန်းဖြစ်ပါသည်။ အမိန့်တော် (၁၀)တွဲ၏ ခုနှစ်အလိုက် ထုတ်ဝေပုံကို အောက်တွင်လေ့လာနိုင်ပါသည်။

ROB, I (A.D. 1598-1885), A.D. 1598-1648, 1983
ROB, II (A.D. 1598-1885), A.D. 1649-1750, 1985
ROB, III (A.D. 1598-1885), A.D. 1751-1781, 1985
ROB, IV (A.D. 1598-1885), A.D. 1782-1787, 1986
ROB, V (A.D. 1598-1885), A.D. 1788-1806, 1986
ROB, VI (A.D. 1598-1885), A.D. 1807-1810, 1987
ROB, VII (A.D. 1598-1885), A.D. 1811-1819, 1988
ROB, VIII (A.D. 1598-1885), A.D. 1819-1853, 1988
ROB, IX (A.D. 1598-1885), A.D. 1853-1885, 1989
ROB, X (A.D. 1598-1885), Epilogue, Glossary and Index, 1990 တို့ဖြစ်သည်။

အမိန့်တော် (၁၀)တွဲအနက် ကုန်းဘောင်ခေတ်ထုတ်ပြန်သောအမိန့်တော် (၃၊၄၊၅၊၆၊၇၊ ၈၊၉) အတွဲ များသာ ဆန်းစစ်တင်ပြမည်ဖြစ်ပါသည်။


**ဇယား(၁)ကုန်းဘောင်ခေတ်မင်းဆက်အလိုက်ထုတ်ပြန်သည့် အမိန့်တော်အရေအတွက်**

| မင်းဆက် | နန်းစံနှစ် | အမိန့်တော်အတွဲ | အမိန့်တော်အရေအတွက် | ရှမ်းပြည်နယ်၏အမိန့်တော်အရေအတွက် |
|---|---|---|---|---|
| အလောင်းဘုရား(ဧပြီ၁၇၅၂–မေ၁၇၆၀) | ၈.၁ | III | ၁၇၀ | ၁၉ |
| နောင်တော်ကြီး(ဇွန်၁၇၆၀–နိုဝင်ဘာ၁၇၆၃) | ၃.၄ | III | ၄၂ | ၁ |
| ဆင်ဖြူရှင်(နိုဝင်ဘာ၁၇၆၃–ဇွန်၁၇၇၆) | ၁၂.၆ | | ၆ | ၂ |

[၁] သုတေသနပရိုဂျက် ၊ သမိုင်းဌာန၊ ပင်လုံတက္ကသိုလ်၊ ၂၀၀၉
[၂] ဦးစီး ၊လက်ထောက်ကထိက၊ သမိုင်းဌာန၊ ပင်လုံတက္ကသိုလ်
[၃] အဖွဲ့ဝင်၊ နည်းပြ၊ သမိုင်းဌာန၊ ပင်လုံတက္ကသိုလ်
[၄] အဖွဲ့ဝင်၊ နည်းပြ၊ သမိုင်းဌာန၊ ပင်လုံတက္ကသိုလ်

| | | | | |
|---|---|---|---|---|
| စဥ့်ကူးမင်း(ဇွန်၁၇၇၆–ဖေဖော်ဝါရီ၁၇၈၂) | ၅.၇ | III, IV | ၃၈ | ၉ |
| ဖောင်းကားစားမောင်မောင်(ဖေဖော်ဝါရီ၁၇၈၂) | – | IV | ၁၅ | ၉ |
| ဘိုးတော်ဘုရား(ဖေဖော်ဝါရီ၁၇၈၂–ဇွန်၁၈၁၉) | ၃၆.၉ | IV,V,VI, VII, VIII | ၁၅၇၈ | ၂၄၅ |
| ဘကြီးတော်(ဇွန်၁၈၁၉–ဧပြီ၁၈၃၇) | ၁၇.၃ | VIII | ၁၉၇ | ၁၁ |
| သာယာဝတီ(ဧပြီ၁၈၃၇–နိုဝင်ဘာ၁၈၄၆) | ၉.၆ | VIII | ၁၇၃ | ၁၅ |
| ပုဂံ(နိုဝင်ဘာ၁၈၄၆–ဖေဖော်ဝါရီ၁၈၅၃) | ၆.၃ | VIII | ၁၇၅ | ၄၁ |
| မင်းတုန်း(ဖေဖော်ဝါရီ၁၈၅၃–အောက်တိုဘာ၁၈၇၈) | ၂၅.၆ | IX | ၄၂၁ | ၉၃ |
| သီပေါ(အောက်တိုဘာ၁၈၇၈–နိုဝင်ဘာ၁၈၈၅) | ၇.၁ | IX | ၁၁၅ | ၁၄ |
| | ၁၃၂.၆နှစ် | (၇)တွဲ | ၂၉၃၀ | ၄၅၉ |

အထက်ဖော်ပြပါ ကုန်းဘောင်ခေတ်အမိန့်တော်(၇)တွဲကို ကုန်းဘောင်ခေတ်မင်းများ အုပ်ချုပ် စဉ်ကာလမှ ရှမ်းပြည်နယ်အတွက် ထုတ်ပြန်သည့် အမိန့်တော်အရေအတွက်ကို မြန်မာတစ်ပြည်လုံး ထုတ်ပြန်သည့်အရေအတွက်ဖြင့် နှိုင်းယှဥ်ဖော်ပြချက်ကို လေ့လာနိုင်သည်။ ထပ်မံ၍ မင်းဆက်အလိုက် ထုတ်ပြန်ခဲ့သည့် ရှမ်းပြည်နယ်ဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးဆိုင်ရာ အမိန့်တော်များကို ပုံ–၁ ကြည့်ခြင်းအားဖြင့် ခွဲခြားလေ့လာနိုင်ပါသေးသည်။




ပုံ-၁ ကုန်းဘောင်ခေတ်ထုတ်ပြန်ခဲ့သောအမိန့်တော်များ

ပင်ရင်း။ ။ Than Tun, *1983*, 284, 291, 293, 294, 302, 447, 460, 461, 462; *1985a*, 124, 140, 204, 205, 206, 210, 211, 212 257; *1985 b*, 88, 89, 211, 122, 92, 139, 178, 92, 170, 176, 274-275, 156, 120, 127; *1986a*, 557, 787, 220, 260, 557, 423, 586; 570, 214, 399, 214, 223, 408, 897, 923, 924, 785, 217, 631, 644, 316, 353, 397, 483, 342, 677; *1986b*, 897, 907, 907, 925, 926, 1015, 897, 907, 926, 936, 926, 460, 481, 413, 417, 423, 425, 339, 395, 801, 884, 897, 907, 926, 936, 347, 601, 879, 55, 873, 429, 543, 353, 832, 983, 779, 896, 935, 779, 556, 564, 497, 832, 849, 871,787, 325; *1987*, 467, 455, 509, 510, 675, 842, 350, 649, 213, 479, 533,825, 619, 395, 509, 513, 534, 558, 582, 621, 625, 669, 455, 509, 510, 675, 842, 621, 348, 429, 582, 587, 619, 621, 395, 396, 100, 582, 396, 496, 322, 396, 619, 467, 525, 475, 780, 843, 690, 820, 458, 475, 780, 324, 923-30, 843, 649, 837, 824, 497, 549, 460, 402, 447, 478, 507, 521, 544, 331, 332, 398,

334, 824, 338, 409, 621, 989; *1988a*, 173, 209, 324, 385, 408, 213, 469, 490, 183, 173, 209, 324, 385, 408, 178, 183, 213, 439, 260, 368, 405, 199, 277, 54; 1*988b*, 653, 708, 712, 833, 999, 1017, 1018, 1313, 962, 1011, 1013, 653, 654, 1013, 994, 1021, 1025, 543, 833, 543, 994, 995, 1004, 1015, 623, 821, 853, 873, 878-79, 946-8, 989, 999, 857, 873, 880, 1009, 623, 880, 755, 918, *1989*, 541, 561, 582, 616, 621, 652, 808, 814, 920, 325, 326, 974, 522, 412, 511,1065, 643, 974, 708, 328, 325, 632, 330, 709, 445, 451, 459, 464, 475, 417, 748, 708, 543, 539, 621, 652, 522, 543, 539, 652, 814, 826, 836, 928, 539

**အုပ်ချုပ်ရေးနယ်ပယ်**

ကုန်းဘောင်ခေတ်ဦးသည် မြန်မာဘုရင်တို့၏ ပိုင်နက်နယ်ပယ်သည် အကျယ်ပြန့်ဆုံးကာလဖြစ်သည်။ အထူးသဖြင့် ဆင်ဖြူရှင်လက်ထက် ရှမ်းနယ်၏အကျယ်အဝန်းမှာ အရှေ့ဘက်တွင် လူးပြည်[၅]၊ ဂုံပြည်[၆]၊ ယွန်းပြည်[၇]၊ အကုန်အကျော်ပြည်[၈]အစပ် မိုင်းလုံးခပင်းနယ်[၉]၊ မြောက်ဘက်တွင် တရုတ်ပြည်နယ်စပ်[၁၀]အပါဝင် မြောက်ရှမ်း ရှစ်ပြည်ထောင်အကုန်နှင့်အရှေ့ ရှမ်းပြည် အကုန်တို့ဖြစ်သည်။ ကုန်းဘောင်ခေတ်လယ်နှင့် ကုန်းဘောင်ခေတ်နှောင်းသို့ ရောက်သော အခါ မြန်မာဘုရင်တို့၏ ပိုင်နက်နယ် ပယ်မှာ ကျဉ်းမြောင်းလာသည်။ ဩဇာအာဏာမှာလည်း တဖြည်းဖြည်း ကျဆင်းလာသည်။ စစ်ကိုင်းမင်း (၁၈၁၉–၁၈၃၇)လက်ထက်တွင် အင်္ဂလိပ်၊ မြန်မာပထမစစ်ဖြစ်ရာ ရခိုင်နှင့်တနင်္သာရီကို အင်္ဂလိပ်တို့အား ပေးလိုက်ရသည်။ ပုဂံမင်းလက်ထက် ၁၈၅၂တွင် အင်္ဂလိပ်၊ မြန်မာဒုတိယစစ်ဖြစ်ပြန်ရာ အောက်မြန်မာနိုင်ငံ တစ်ခုလုံးကို အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်သွားသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်နှောင်း သို့ ရောက်သောအခါတွင် မြန်မာဘုရင်၏ပိုင်နက်မှာ ရှမ်းပြည်နယ်အပါအဝင် အထက်မြန်မာနိုင်ငံသာ ကျန်တော့သည်။ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်တွင် မဲခေါင်မြစ် အရှေ့ဘက်ခြမ်းကို လက်လွှတ်ဆုံးရှုံးရသည်။ ထို့ပြင် သံလွင်မြစ် အရှေ့ဘက်ခြမ်းကိုလည်း ဘုရင်၏ ဩဇာသက်ရောက်မှုနည်းလာသည်။[၁၁]

ရှမ်းနယ်များအုပ်ချုပ်ရေး လွယ်ကူစေရန် (၂၈ ဖေဖော်ဝါရီ ၁၇၅၉)တွင် ထုတ်ပြန်သော အမိန့်တော်တွင်

အရှေ့ – ကိုင်းမား၊ မိုင်းခိုင်း၊ မိုင်းလျှည်း

တောင် – ယိုးဒယား၊ လင်းဇင်း၊ အကြော်၊ လဝိုက်၊ မျက်နှာ၊ မည်း၊ ပင်လယ်ကျ

နောက် – ပုဂံ၊ မိုးဗြဲ၊ ပုခန်း၊ မုတ္တမ၊ ဟံသာဝတီ၊ သံလျင်၊ တောင်ငူ၊ ဇင်းမယ်၊ ကလေး၊ သောင်သွယ်၊ သိန္နီ၊ ထားဝယ်၊ ပြည်၊ တောင်တွင်း၊ ဇကြိုင်း၊ ဇစော်ဘွားမှစ၍ ငြိမ်ဝပ်စွာ အုပ်ချုပ်ရန် အတွက် နယ်သတ်ခဲ့သည်။[၁၂]

သို့သော် (၂၅ ဖေဖော်ဝါရီ ၁၇၈၂)တွင် ထုတ်ပြန်သော အမိန့်တော်တွင် ငစဉ့်ကူး စားဟောင်းလက်ထက်၊ ပိုင်းခြားသတ်မှတ်ကြီးစိုးစီရင်ရမည့် နယ်မြေများ အကြုံးမဝင်ခဲ့ပေ။[၁၃] ထပ်မံ၍ (၁၁ ဒီဇင်ဘာ ၁၈၁၀)တွင် ထုတ်ပြန်သော အမိန့်တော်၌ "ကျိုင်းရုံးမြို့မှ မဲခေါင်အရှေ့ဘက်ဒေသနှင့် အနောက်ဘက်မြန်မာနိုင်ငံရှိ ဟိုသာ၊ လသာ၊ မိုးထား၊ စန္ဒါ၊ ကိုင်းမား မြို့ရွာရှစ်ပြည်ထောင်ဒေသများ မနှောင့်

---

[၅] လူးပြည်မှာ လူး ၁၂–ပန္နားအပါအဝင် ကျိုင်းရုံး(သို့မဟုတ်)မိုင်းရုံးနယ်ဖြစ်သည်။

[၆] ဂုံပြည်မှာ ဂုံလူမျိုးတို့နေသောကျိုင်းတုံနယ်ဖြစ်ပြီးအရံ ၃၂မြို့ရှိသည်။

[၇] ယွန်းပြည်မှာ ကျိုင်းသေည်၊ မိုင်းစံ၊ ဇင်းမယ်နယ်ဖြစ်သည်။

[၈] အကျော်ပြည်ကိုကျော်ပုဂံဟုလည်းကောင်း၊ ကျော်ကသည့်ဟုလည်းကောင်းခေါ်သည်။ ယခုဗီယက်နမ် ကိုဆိုသည်

[၉] မိုင်းလုံးခပင်းနယ်သည် ကမ္ဘောဒီးယားနယ်တွင်ရှိသည်။

[၁၀] တရုတ်ပြည်နယ်စပ်ဆိုသည်မှာ ကိုင်းမား၊ စန္ဒား၊ မိုးဝန်း၊ မိုးနား၊ ဟိုသာ၊ ဟိုလာ၊ မိုင်းမော၊ စည်ခွင် ဟူသော ရှမ်း ၈ ပြည်ထောင်အကုန်တရုတ်နယ်စပ်ဖြစ်သည်။

[၁၁] မြေပုံ (၁)–ကုန်းဘောင်ခေတ်နှောင်းမြန်မာပိုင်နက်

[၁၂] Dr. Than Tun, *The Royal Orders of Burma*, A.D. 1598-1885, A.D. 1751-1781. The Center for Southeast Asian Studies Vol III, Kyoto University, 1985 (Henceforth: Than Tun, *1985 b*)

[၁၃] Dr. Than Tun, *The Royal Orders of Burma*, A.D. 1598-1885, A.D. 1782-1787. The Center for Southeast Asian Studies Vol IV, Kyoto University, 1986 (Henceforth: Than Tun, *1986 a*)

ယူကြ်ရန်[၁၄]"ဟူသော အမိန့်တော်များ ချခဲ့သော်လည်း အမှန်မှာ ရှမ်းကိုးပြည်ထောင်ရှိခဲ့ကြောင်းကို ကူန ၏ မှတ်တမ်းအရ သိရသည်။ [၁၅] ရှမ်းနယ်စော်ဘွားတို့၏ အုပ်ချုပ်ရေးကိုကြည့်လျှင် ရှမ်းနယ်အတွင်း ရှမ်းပြည်နယ်အများ အပြားရှိရာ စော်ဘွားများပိုက်နက်၏ အကျယ်အဝန်းသည် အမျိုးမျိုးရှိနိုင်သည်။ စော်ဘွားတို့သည် ရှမ်းနယ်အတွင်း နယ်ပယ်ကလေးများကိုယ်စီဖြင့် သီးခြားအုပ်ချုပ်ကြသည်။ ယင်းသို့ အုပ်ချုပ်ရာတွင် ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်သည့်စော်ဘွားသည် အကြီးဆုံးအာဏာပိုင် ဖြစ်သည်။

**နယ်မြေအငြင်းပွားမှုများ**

စော်ဘွား၊ မြို့စားတို့သည် မိမိတို့ပိုင်ဆိုင်ရာနယ်မြေများအတွက် နယ်နမိတ်များ သတ်မှတ် ထားရှိသော်လည်း ကုန်းဘောင်ခေတ်အတွင်း နယ်မြေတိုင်းတာ သတ်မှတ်ရေးနှင့် ပတ်သက်၍ စနစ်တကျ သတ်မှတ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ မကြာခဏအပြောင်းအလဲနှင့် ကြုံတွေ့ရသကဲ့သို့ စော်ဘွားမြို့စားအချင်း ချင်းလည်း နယ်မြေအငြင်းပွားမှုပြဿနာများ ပေါ်ပေါက်ရသည်။

ဆင်ဖြူရှင်လက်ထက် ခရစ်နှစ် ၁၇၆၃ ခုနှစ်တွင် သီပေါစော်ဘွားနှင့် သုံးဆယ်စားတို့ တီကျစ်၊ နောင်တော၊ နောင်လှိုင်၊ ပြင်ကြီး၊ လုံကာနယ်စပ်ဒေသများ ပိုင်ဆိုင်ရလိုမှုနှင့် ပတ်သက်၍ အငြင်း ပွားကြသဖြင့် ရာဇဌာနီမှ ကမ္ဘာလေးရပ် တရားစီရင်နည်းဖြင့် ဖြေရှင်းပေးခဲ့သည်။ ယင်းတွင် သီပေါ စော်ဘွားနှင့် သုံးဆယ်စားတို့ကို ပြိုင်တူရေငုတ်စေခဲ့ရာ သီပေါစော်ဘွားက အမြန်ဆုံးရေတွင်ပေါ်သဖြင့် သီပေါစော်ဘွားအမှုရှုံးပြီး တီကျစ်၊ နောင်တော၊ နောင်လှိုင်၊ ပြင်ကြီး၊ လုံကာနယ်စပ်ဒေသများကို သုံးဆယ် စားအား ပေးလိုက်သည်။ [၁၆] စစ်ကိုင်းမင်းလက်ထက် ခရစ်နှစ ၁၈၂၃–ခုနှစ်တွင် ညောင်ရွှေစော်ဘွားနှင့် အင်းလေးရွာငွေခွန်မှူးတို့ နယ်မြေပိုင်ဆိုင်မှု နှင့် ပတ်သက်ပြီး အငြင်းပွားရာ ၎င်းတို့အား ကျမ်းထမ်း ရေငုတ်စေခြင်းဖြင့် အင်းလေးရွာ ငွေခွန်မှူးအား အရှေ့ကိုကျွဲခြံ၊ သရက်မောင်နှမ၊ အနောက်ကို သရက် သုံးမည်၊ ပျားတွဲတောင်၊ နန့်ဂုတ်ချောင်း၊ ဝေလုစမွတောင်ဟူ၍ သတ်မှတ်ပေးခဲ့ရသည်။[၁၇]

ကုန်းဘောင်ခေတ် မြန်မာဘုရင်တို့၏ တန်ခိုးအာဏာသည် ဘုရင်တစ်ပါး နန်းတက်လာလျှင် ရှေးဘုရင်များလက်ထက်က ထားရှိသော စည်းမျဉ်း၊ အမိန့်အာဏာ၊ နယ်နမိတ် အပိုင်းအခြား၊ သတ်မှတ် ပုံတို့ မကြိုက်ပါက ပြန်လည်ပြုပြင်ခြင်းများလည်းရှိတတ်သည်။ နောက်တက်လာသော ဘုရင်က အမိန့်အ သစ်ထုတ်ပြန်လျှင် ထိုအမိန့်သည်သာ အတည်ဖြစ်သည်။

---

[၁၄] Dr. Than Tun, *The Royal Orders of Burma*, A.D. 1598-1885, A.D. 1807-1810. The Center for Southeast Asian Studies Vol VI Kyoto University, 1986 (Henceforth: Than Tun, *1986 c)*

[၁၅] မြေပုံ (၁)–ရှမ်းကိုးပြည်ထောင်


[၁၆] တက္ကသိုလ်ဝင်းသန်း၊ "နယ်မြေ အငြင်းဖြတ်စာတစ်စောင်"၊ *ဟံသာဝတီနေ့စဉ်*၊ ၁၈ ဇွန် ၁၉၇၈၊ မျက်–၆

[၁၇] ဒေါက်တာတိုးလှ လက်ရေးမူစာစု

ကုန်းဘောင်ခေတ်အတွင်း ရှမ်းနယ်များနှင့် ပါတ်သက်၍ အငြင်းပွားမှုများ မဖြစ်စေရန် စော်ဘွား၊ မြို့စားတို့ ပိုင်ဆိုင်ရာ နယ်နမိတ်များကို သတ်မှတ်ထားခဲ့သည်။ အလောင်းမင်းတရားလက်ထက် ၁၇၅၃ ခုနှစ်တွင် မိုးမိတ်နယ်အတွက်သတ်မှတ်ပေးခဲ့သည်။[၁၈]

## မြို့ကျေးရွာသတ်မှတ်ချက်နှင့် အစုအမှုထမ်းချထားမှု

ထိုသို့ နယ်မြေသတ်မှတ်ပေးရုံမက အမိန့်တော်များ၌ ရှမ်းပြည်နယ်ဆိုင်ရာမြို့ကျေးရွာ (၈၃) နယ်ကို သတ်မှတ်ချထားပေးခဲ့သည်။ [၁၉] ထိုမြို့ကျေးရွာများတွင် အစုအမှုထမ်း (၁၅)စုကို ဖ ့စည်းချထားမှုကို ပုံ–၂ ၌ လေ့လာနိုင်ပါသည်။




**ပုံ–၂ အစုအမှုထမ်းများချထားမှု**

ပင်ရင်း။ ။ Dr. Than Tun, *The Royal Orders of Burma*, A.D. 1598-1885, A.D. 1751-1781, The Center for Southeast Asian Studies, vol: I, Kyoto University, *1983*, pp. 284, 291, 293, 294, 302, 447, 460, 461 & 462 (Henceforth: Than Tun, *1983*); Dr. Than Tun, *The Royal Orders of Burma*, A.D. 1598-1885, A.D. 1649-1750, The Center for Southeast Asian Studies, vol: II, Kyoto University, *1985*, pp. 124, 140, 204, 205, 206, 210, 211, 212 & 257 (Henceforth: Than Tun, *1985 a*); Than Tun, *1985 b*, 779)

ရှမ်းနယ်တွင် တွေ့ရှိရသော အစုအမှုထမ်းများကိုလေ့လာကြည့်လျှင် နင်ငံတော်ကာကွယ်ရေး အမှုထမ်း၊ လုပ်ငန်းဆိုင်ရာအမှုထမ်း၊ အခွန်ဆက်အမှုထမ်းများတွေ့ရသည်။ ထိုထက်များစွာ ကျန်ရှိဦး မည်ဖြစ်သည်။ တွေ့ရှိရသည့် အမိန့်တော်အထောက်အထားအရသာ တင်ပြခြင်းဖြစ်သည်။ လူ့ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက် သည်နှင့်အမျှ လူမှုဘဝလည်း ရှုတ်ထွေးခဲ့ရသည်။ ထို့အတူ အုပ်ချုပ်ရေးသည်လည်း ခက်ခဲ နက်နဲလာခဲ့ရသည်သာတည်း။

## အုပ်ချုပ်ရေးဆောင်ရွက်မှုများ


ရှမ်းနယ်အုပ်ချုပ်ရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်မှုများကို တာဝန်ယူရန်အတွက် ရာထူးခန့် ထားကာ အုပ်ချုပ်စေခဲ့သည်။ ခန့်ထားသည့်အရာရှိများသည် ရှမ်းပြည်နယ်အတွင်း

---

[၁၈] ဦးခေမိန္ဒ၊ *မိုးမိတ်ရာဇဝင်တော်သစ်ကြီး၊* တောင်ကြီး၊ ပဒေသရာဇ်ပုံနှိပ်တိုက်၊ ၁၉၁၀၊ မျက်–၁၈၀ (နောင်ထပ်မံကိုးကားပါက ခေမိန္ဒ၊ *၁၉၁၀*ဟု ညွှန်းပါမည်။)

[၁၉] နောက်ဆက်တွဲ (က)

စစ်ရေးသာမက ပြည်ပဆက်ဆံရေးများလည်းဆောင်ရွက်ခဲ့ရသည်။ ထို့ပြင် ပြည်နယ်အုပ်ချုပ်မှု တည်ငြိမ်စေရန်အတွက် တရားစီရင်မှု ကဏ္ဍကိုပါ တွဲဘက်ထမ်းဆောင်ခဲ့ရသည်။ အမိန့်တော်အထောက်အထားများအရ ရှမ်းပြည် နယ်အုပ်ချုပ်ရေး ဆောင်ရွက်မှုကဏ္ဍာကို အောက်ပါပုံ၌ လေ့လာနိုင်ပါသည်။




ပုံ-၃ အမိန့်တော်များမှ အုပ်ချုပ်ရေးဆောင်ရွက်မှုများ

ပင်ရင်း။ /Than Tun, *1985 b*, 92, 170, 176, 92, 170, 176, 92, 139, 178; *1986 a*, 220; *1986 b*, 897, 907, 926, 936 481, 260, 460; *1987*, 455, 509, 510, 675, 842, 213, 479, 213, 479, 533, 825; *1988a*, 173, 209, 324, 385, 408, 213, 469; *1988 b*, 1013, 1017, 1018, 962, 1011; *1989*, 522, 974, 325, 326

အထက်ပါပုံ-၃ အရ အမိန့်တော်များမှ ရှမ်းပြည်နယ်ဆိုင်ရာ အုပ်ချုပ်ရေး ကဏ္ဍရပ်များကို ခန့်မှန်းနိုင်ပြီး၊ ထိုတာဝန်များကို ဆောင်ရွက်ရမည့်အရာရှိများကို ခန့်ထားမှုကို လေ့လာခြင်းဖြင့် ရှမ်းနယ် အုပ်ချုပရေးအား မြန်မာဘုရင်တို့ အလေးထားပုံကို သိသာစေပါသည်။

**ရာထူးခန့်ထားမှု**

**ဇယား (၂) အမိန့်တော်များမှ ရာထူးခန့်ထားမှု**

| ခုနှစ် | ရာထူး | နေရာ |
|---|---|---|
| ၂ ဩဂုတ် ၁၇၈၇ | နေမျိုးကျော်ထင်သခ်ယာ[၂၀] | မြေလတ် |
| ၁၁ ဇွန် ၁၈၈၆ | ကျော်သူကျော်[၂၁] | မိုးနဲ |
| ၂၀ ဇွန် ၁၈၀၆ | တပ်မှူး ဘယသေနရာဇာ[၂၂] | မောက်မယ် |
| ၂၀ ဇွန် ၁၈၀၆ | မိုးနဲဗိုလ်ချုပ်[၂၃] | မိုးနဲ |

[၂၀] Than Tun, *1986 a*, 557
[၂၁] Than Tun, *1986 b*, 787
[၂၂] Than Tun, *1986 b*, 897
[၂၃] Than Tun, *1986 b*, 907

| | | |
|---|---|---|
| ၁၄ ဇွန် ၁၈၀၆ | ဝန်ထောက်မင်းကြီးနော်ရထာ[၂၄] | ညောင်ရွှေ |
| ၁၄ ဇွန် ၁၈၀၆ | စစ်ကဲ – တုရင်သာရကျော်[၂၅] | – |
| ၁၄ ဇွန် ၁၈၀၆ | စစ်ကဲ – နေမျိုးနော်ရထာရွှေတောင်[၂၆] | – |
| ၁၄ ဇွန် ၁၈၀၆ | တပ်စာရေး– ကျော်ထင်ဇေယသူ[၂၇] | မိုးနဲ |
| ၁၅ ဇူလိုင် ၁၈၀၆ | မိုးပျဉ်းမြို့ – အမတ်ဆိုင်စော[၂၈] | မိုင်းပျဉ်း |
| ၁၅ ဇူလိုင် ၁၈၀၆ | ဒိုင်းဝန်းမင်းကျော်သီဟ[၂၉] | မိုင်းပျဉ်း |
| ၂၇ အောက်တိုဘာ ၁၈၀၆ | မြင်းဝန်မင်းမဟာမင်းခေါင်[၃၀] | – |
| ၂၅ ဇန်နဝါရီ ၁၈၀၇ | စစ်ကဲကြီးတုရင်သာရကျော်[၃၁] | မိုးနဲ |
| ၁၉ မတ် ၂၈၀၇ | မင်းကျော်သီဟ[၃၂] | မိုးမိတ် |
| ၇ ဖေဖော်ဝါရီ ၁၈၁၀ | ဗိုလ်မှူးမဟာသူရ[၃၃] | မိုးနဲ |
| ၄ မေ ၁၈၃၇ | ဗိုလ်မှူးမင်းကြီးမဟာမင်းခေါင်ကျော်စွာ[၃၄] | မိုးနဲ |
| ၁၇ မေ ၁၈၃၉ | ဗိုလ်မှူးမင်းကြီးမင်းလှမဟာသီဟသူ[၃၅] | မိုးနဲ |
| ၂၅ ဇွန် ၁၈၃၉ | ဝန်ကြီး–မင်းလှမဟာသီဟသူ[၃၆] | မိုးနဲ |
| ၄ ဒီဇင်ဘာ ၁၈၄၆ | တပ်နာခံ–မင်းလှမင်းကျော်ရာဇာ[၃၇] | မိုးနဲ |
| ၄ ဒီဇင်ဘာ ၁၈၄၆ | တပ်ရေးဗိုလ်–နေမျိုးမင်းလှစည်သူ[၃၈] | မိုးနဲ |
| ၃၁ မေ ၁၈၅၀ | စစ်ကဲ–မင်းလှမင်းထင်[၃၉] | ကျိုင်းရုံးကြီး |
| ၁၄ အောက်တိုဘာ ၁၈၅၈ | နာခံ–ငမောက်[၄၀] | မိုးနဲ |
| ၁၄ အောက်တိုဘာ ၁၈၅၈ | တပ်နာခံမင်း–မင်းကျော်သူရိန်[၄၁] | မိုးနဲ |
| ၇ ဖေဖော်ဝါရီ ၁၈၅၉ | မြတောင်မြို့စားသေနတ်ဝန်ကြီးသတိုး မင်းကြီးမဟာမင်းလှကျော်သူ[၄၂] | ရှမ်းနယ် |
| ၇ မေ ၁၈၅၉ | အတွင်းဝန်လောင်ရှည်မြို့စားမင်းကြီး မဟာစည်သူ[၄၃] | သီကျစ် |

[၂၄] Than Tun, *1986 b*, 907
[၂၅] Than Tun, *1986 b*, 925
[၂၆] Than Tun, *1986 b*, 925
[၂၇] Than Tun, *1986 b*, 925
[၂၈] Than Tun, *1986 b*, 926
[၂၉] Than Tun, *1986 b*, 926
[၃၀] Than Tun, *1986 b*, 1015
[၃၁] Than Tun, *1987*, 467
[၃၂] Than Tun, *1987*, 350
[၃၃] Than Tun, *1987*, 649
[၃၄] Than Tun, *1988 b*, 653
[၃၅] Than Tun, *1988 b*, 708
[၃၆] Than Tun, *1988 b*, 712
[၃၇] Than Tun, *1988 b*, 833
[၃၈] Than Tun, *1988 b*, 833
[၃၉] Than Tun, *1988 b*, 999
[၄၀] Than Tun, *1989*, 541
[၄၁] Than Tun, *1989*, 541
[၄၂] Than Tun, *1989*, 561
[၄၃] Than Tun, *1989*, 582

| | | |
|---|---|---|
| ၆ ဖေဖော်ဝါရီ ၁၈၆၄ | စစ်ကဲမင်းကြီး–မဟာမင်းထင်မင်းကျော်[၄၄] | မိုးနဲ |
| ၁၄ ဇွန် ၁၈၆၅ | ဝန်ထောက်–မဟာမင်းထင်စည်သူ[၄၅] | မိုးနဲ |
| ၁၂ ဒီဇင်ဘာ ၁၈၆၇ | မဟာသီရိရာဇာသိုဟုံဘွား[၄၆] | မိုင်းကိုင် |
| ၂၆ အောက်တိုဘာ ၁၈၇၂ | ခင်မမင်းဝန်–မဟာသီရိဇေယျသူ[၄၇] | မိုင်းခိုင် |
| ၃၀ အောကတိုဘာ ၁၈၇၂ | မြို့ဝန်နေမျိုးမင်းကျော်မင်းထင်[၄၈] | မိုးမိတ်/မိုးလှိုင် |
| ၂၃ နိုဝင်ဘာ ၁၈၇၈ | နာခံ–မင်းလှမဟာမင်းခေါင်[၄၉] | မိုးနဲ |

မြန်မာဘုရင်တို့၏ ဩဇာအာဏာထိမ်းသိမ်းရန်၊ ရှမ်းနယ်အတွင်း အချင်းချင်းတိုက်ခိုက်မှုများမဖြစ်စေရန်နှင့် ပြည်ပနိုင်ငံများမှဝင်ရောက်တိုက်ခိုက်ခြင်းကာကွယ်ရန်၊ မြန်မာတပ်များကို ဖြန့်ချနိုင်ရေးအတွက် ရာထူးခန့်တာဝန်ထမ်းရွက်စေခဲ့သည်။ ကုန်းဘောင်ခေတ်ဦးတွင် ရှမ်းနယ်ရှိ ကျိုင်းတုံ၊ ကျိုင်းရုံး၊[၅၀] ကျိုင်းသေည်ကြီး၊ မိုးလျည်ကြီးမြို့များတွင် တပ်ရုံးများထားကာ အုပ်ချုပ်ခဲ့သည်။ ဆင်ဖြူရှင်လက်ထက်ခရစ်နှစ် ၁၇၆၄တွင် ကျိုင်းတုံ၊ ကျိုင်းရုံး၊ ညောင်ရွှေ၊ မိုးနဲ စသည့် သံလွင်မြစ်အနောက်ဘက်စော်ဘွား၊ မြို့စား၊ တပ်ပေါင်းစားတို့၏ မြို့ပြတိုင်း ခရိုင်မှန်သမျှတွင် တစ်မြို့လျှင် စစ်ကဲနှစ်ဦးစီခန့်ထားသည် ကိုတွေ့ရသည်။[၅၁] စစ်ကဲအထက်တွင် ဗိုလ်မှူးက အုပ်ချုပ်ပြီး၊ အခြား အမတ်၊ တပ်နာခံ၊ ဗိုလတပ်ရေးစသည့် အရာရှိအဆင့်ဆင့်တို့ကိုလည်း ခန့်ထားသည်။ ထိုအရာရှိတို့သည် စော်ဘွား၊ မြို့စားတို့နှင့်အတူ ရှမ်းနယ်၏ အုပ်ချုပ်ရေး၊ စစ်ရေးတို့အတွက် တွဲဘက်အုပ်ချုပ်ရသည်။

**စစ်ရေး**

အမိန့်တော်များမှ ရှမ်းနယ်၏စစ်ရေးကိုအောက်ပါပုံ–၄ ၌ လေ့လာနိုင်ပါသည်။

[၄၄] Than Tun, *1989*, 616

[၄၅] Than Tun, *1989*, 621

[၄၆] Than Tun, *1989*, 652

[၄၇] Than Tun, *1989*, 808


[၄၈] Than Tun, *1989*, 814

[၄၉] Than Tun, *1989*, 920

[၅၀] (က) မြန်မာနိုင်ငံ၏အရှေ့မြောက်နယ်စပ ကျိုင်းတုံဒေသမြောက်ဘက်၊ သံလွင်မြစ်အရှေ့ဘက်တရုတ်မြန်မာနယ်တွင် ရှိသည်။ ကျိုင်းရုံးကြီးဟုလည်းခေါ်သည်။ ရှမ်းဘာသာဖြင့် ပန္နားဟုခေါ်သော မြို့ရုံ ၁၂–ခု ရှိသည်။ မဲခေါင်မြစ်အရှေ့ဘက်တွင် ၆–ပန္နားရှိ၍ အနောက်ဘက်တွင် ၆ ပန္နားရှမ်းများကို မြန်မာဘုရင်မှ သေည်ဝီဘွား ခန့်ထားအုပ်ချုပ်စေသည်။

(ခ) နောက်ဆက်တွဲ (ခ)

[၅၁] ဦးမောင်မောင်တင်၊ *ကုန်ဘောင်ဆက်မဟာရာဇဝင်တော်ကြီး*၊ တတိယတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၈၊ မျက်–၃၅၅




**ပုံ –၄ ရှမ်းပြည်နယ်အတွင်းစစ်ဖြစ်ပွားရာအရပ်များ**

ပင်ရင်း။ /Than Tun, *1985b*, 220, 227; *1986 a*, 423, 568, 570; *1986 b*, 413, 417, 423, 425, 339, 395, 801, 884, 425, 601, 879, *1987*, 395, 509, 513, 534, 558, 582, 621, 625, 669, 339, 345, 348, 396, 621, 348, 429, 582, 587, 619, 621, 395, 396, 100, 582, 396, 496, 322, 396, 619, 322; 19*88 a*, 183, 178, 213; *1988 b*, 653, 654, 994, 1021, 1025; *1989*, 643, 708

စစ်ရေးအတွက်ပြဋ္ဌာန်းသည့်အမိန့်တော် (၅၆)ခုအနက် အမျိုးအစားခွဲကြည့်ရသော် ရှမ်းမြောက် (၁၃)ခု၊ ရှမ်းတောင် (၂၂)ခု၊ ရှမ်းအရှေ့ (၂၅)ခု၊ မြေလတ် (၁)ခုတွေ့ရသည်။ ရှမ်းအရှေ့သည် အများဆုံးတွေ့ရ၍ စစ်မက်ဖြစ်ပွားမှုအများဆုံးဒေသ၊ စစ်လမ်းကြောင်း အကာအကွယ်ပေးရဆုံးဒေသ ဖြစ်ကြောင်းကို အမိန့်တော်တို့မှ လေ့လာနိုင်သည်။

ကုန်းဘောင်ခေတ်တွင် မြန်မာဘုရင်တို့သည် ရှမ်းနယ်ကို အဝေးမြို့ရွာအုပ်ချုပ်ရေးနယ်အဖြစ် သတ်မှတ်ကာ အုပ်ချုပ်ခဲ့သည်။[၅၂] ရှမ်းစော်ဘွားတို့၏ အုပ်ချုပ်ရေးကို မြန်မာဘုရင်တို့ ဝင်ရောက်စွက်ဖက်ခြင်းမရှိသော်လည်း ပြည်တွင်း၊ ပြည်ပ[၅၃]ကာကွယ်ရေးအတွက် ကင်းစခန်းများထားရှိကာ မြန်မာတပ်များ ဖြန့်ချထားခဲ့သည်။[၅၄]ထို့ပြင် ရှမ်းနယ်အတွင်း မိုးနဲ၊ မးဖြဲ၊ သိန္နီမြို့များတွင် တပ်ရုံးများထားကာ ဗိုလ်မှူး

52 Scott, *1900*, 432

၅၃ ဦးမောင်မောင်တင်၊ *ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး*၊ ပထမတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၈၊ မျက်–၄၂၀–၂၂

၅၄ *နိုင်ငံတော်လမ်းပေါက်၊ လမ်းဝစာရင်းဘုရား*၊ ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်အမှတ်–၇၂၆

တစ်ဦးစီအုပ်ချုပ်စေခဲ့သည်။[၅၅] ကင်းစခန်းများနှင့် ပတ်သက်၍လည်း သံလွင်မြစ်အရှေ့ဘက်၊ အနောက်ဘက်မြို့ရွာများတွင် ကင်းစခန်းများ ချထားသည်ကိုတွေ့ရသည်။ ရှမ်းစော်ဘွားတို့သည် မြန်မာဘုရင်၏ သြဇာခံများဖြစ်သည့် အားလျော်စွာ စစ်ရေးအတွက်လိုအပ်ပါက နှစ်ဦးနှစ်ဘက် အပြန်အလှန် အကူအညီများပေးခဲ့ကြသည်။[၅၆]

## ရှမ်းပြည်နယ်တရားစီရင်ရေး

ကုန်းဘောင်ခေတ်ရှမ်းနယ်၏စစ်ရေးသာမက၊ တရားစီရင်ရာ၌ နေပြည်တော်တွင်သုံးသော တရားဥပဒေကို ကိုးကားစီရင်ကြသည်။ [၅၇] မြန်မာဘုရင်များကလည်း အဝေးမြို့ရွာအုပ်ချုပ်သူအကြီးအကဲများအား တရားစီရင်ရာတွင် အတတ်နိုင်ဆုံး ညီညွတ်မျှတမှုရှိစေရန် အမိန့်တော်များ ထုတ်ပြန်သည်လည်း ရှိခဲ့သည်။[၅၈] ပ်ထို့ပြင် မြန်မာဘုရင်သည် ရှမ်းနယ်အပါအဝင် အဝေးမြို့နယ်များသို့ စေလွှတ်ထားသည့် မြို့ဝန်၊ စစ်ကဲ၊ နာခံတို့အား ဥပဒေရေးရာ ကိစ္စများတွင် ကျွမ်းကျင်လာစေရန်၊ [၅၉] ဆင်ဖြူရှင်လက်ထက် ဖြတ်စာအရစီရင်ရန် [၆၀] ၊ စော်ဘွား၊ မြို့စားတို့တရားစီရင်ရာတွင် အဂတိမလိုက်စားစေရန်၊ [၆၁] အမှုအတွက် လိုအပ်သည်သာတောင်း ယူရန် အမိန့်တော်များ ထုတ်ပြန်ခဲ့သည်။ [၆၂] ရှမ်းနယ်တွင် စော်ဘွား၊ မြို့စားတို့ စီရင်ရာတွင် ရာဇဌာနီတွင် ကျင့်သုံးသော တရားဥပဒေကို ကိုးကား၍သော်လည်းကောင်း၊ ရှမ်းရိုးရာဓလေ့ ထုံးစံအတိုင်းသော်လည်းကောင်း စီရင်ဆုံးဖြတ်ကြသည်။ သို့သော် ရှမ်းနယ်တစ်နယ်နှင့် တစ်နယ်တရား စီရင်ပုံမှာ တိကျမှုမရှိနိုင်ပေ။ မြို့ပေါ်တွင် ဖြစ်ပွားသောအမှုအခင်းများကို စော်ဘွား၊ မြို့စားတို့က စီရင် သည်။ ကျေးရွာများတွင်မူ ဟိန်၊ ထမုံ၊ ကျော့စသည်တို့က စီရင်ပုံကို အောက်ပါပုံ-၅ ၌ လေ့လာနိုင်သည်။

---

[၅၅] တော်စိန်ခို၊ *လွှတ်တော်မှတ်တမ်း*၊ ဦးအောင်သိန်း၊ တည်းဖြတ်၊ ရန်ကုန်၊ အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာ၊ ၁၉၆၀၊ မျက်-၉ (နောင်ကိုးကားလျှင် တော်စိနခို၊ *၁၉၆၀* ဟုညွှန်းပါမည်။)

[56] Than Tun, *1987*, 619

[57] J.G. Scott, *Gazetteer of Upper Burma and the Shan States*; 5 vols: Rangoon Government Printing, 1900, Part II, Vol II, p.433. (Henceforth Scott, *1900*)


[၅၈] ဦးတင်၊ *မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်ဘိုးတော်ဘုရား၏ရာဇသတ်ခေါ်အမိန့်တော်တမ်းကြီး*၊ တတိယ တွဲ၊ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅

[59] Than Tun, *1985*, 211

[60] Than Tun, *1986a*, 231

[61] Than Tun, *1985*, 210

[62] Than Tun, *1989*, 346





**ပုံ-၅ အမိန့်တော်များမှ အမှုစီရင်ပုံ**

ပင်ရင်း။ /Than Tun, *1986 a*, 223, 408, 897, 923, 924, 785, 217; *1986 b*, 983, 779, 896, 1003, 935; *1987*, 690, 820, 458, 475, 780, 324, 923-30, 843, 649, 837, 824, 497, 549; *1988 a*, 439, 260; *1989*, 328, 325, 632, 330, 709

အောက်ခြေအာဏာပိုင်တို့၏စီရင်ဆုံးဖြတ်မှုကို ကျေနပ်ခြင်းမရှိပါက အထက်အာဏာပိုင်အဆင့် ဆင့်မှ စော်ဘွား၊ မြို့စားတို့ထံ အယူခံနိုင်ခွင့်ရှိသည်။ စော်ဘွား၊ မြို့စားတို့သည် တရားစီရင်ရာတွင် အမတ်များ၊ ဂိုဏ်းချုပ်များ၏ အကြံဉာဏ်များကို ရယူလေ့ရှိသည်။ နေပြည်တော်တွင် ကျင့်သုံးသော ဓမ္မ သတ်များ၊ ဓလေ့ထုံးစံများကိုလည်း လေးစားလိုက်နာသည်။

ကုန်းဘောင်ခေတ်ရှမ်းနယ်တွင် အများဆုံးဖြစ်တတ်သော အမှုများကို အောက်တွင်လေ့လာနိုင်ပါသည်။




**ပုံ–၆ အမိန့်တော်များမှအမှုများ**

ပင်ရင်း။ /Than Tun, *1986 a*, 223, 408, 897, 923, 924, 785, 217; *1986 b*, 983, 779, 896, 1003, 935; *1987*, 690, 820, 458, 475, 780, 324, 923-30, 843, 649, 837, 824, 497, 549; *1988 a*, 439, 260; *1989*, 328, 325, 632, 330, 709

စော်ဘွားမြို့စားတို့လည်း မိမိအုပ်ချုပ်ရသောနယ်မြေရှိ နယ်မြေသားအချင်းချင်း ဖြစ်ပွားကြသည့်တရားမမှုနှင့် ရာဇဝတ်မှုများကို စီရင်စစ်ဆေးပေးပိုင်ခွင့်ရှိသော်လည်း ထိုစော်ဘွား၏ဆုံးဖြတ်ပေးမှုကို မကျေနပ်လျှင် မိုးနဲတပ်ရုံးသို့ အယူခံနိုင်ခွင့်ရှိသည်။ သို့သော် အမှုသည်နှစ်ဦးမှာ နေထိုင်ရာအရပ်ဒေသတူညီမှုမရှိလျှင် စော်ဘွားကစီရင်ခြင်းမပြုရဘဲ မိုးနဲတပ်ရုံးမှ အရာရှိတို့၏ စရင်ချက်အတိုင်းသာ နာခံရသည်။ ထိုမှဆက်၍ မကျေနပ်လျှင် နောက်ဆုံးအဆင့်ဖြစ်သော ဗိုလ်မှူးမင်းသားထံအယူခံတင်ပြ၍ အဆုံးအဖြတ်ခံယူသည်။[၆၃]

အမှုအခင်းများကို တခါတရံလာဘ်စား၍လည်းကောင်း၊ တခါတရံသစ္စာပြုခြင်းအားဖြင့်လည်းကောင်း စီရင်ဖြေရှင်းသည်။ [၆၄] ထိုသို့ပြုခြင်းဖြင့် မည်သည့်ရုံးတော်တွင်မှ အယူခံစရာမလိုဘဲ ဖြစ်ပေါ်နေသော တရားအမှုလည်းပြီးဆုံးခြင်းသို့ရောက်သည်ဟုဆိုသည်။ လက်ဘက်လှမ်းစား၍ တရားဆုံးဖြတ်ခြင်းကို ကြွေမြီးမှု၊ မြေယာလုယက်မှု၊ လင်မယားကွာရှင်း ပြတ်စဲမှုတို့တွင် အသုံးပြုသည်။[၆၅] ထို့ပြင်

[၆၃] *အမိန့်တော်နှင့် မင်းဖြပါးဥပဒေ၊ လွှတ်ရုံး၅ရပ် ဥပဒေဘုရား၊* ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်၊ ပုရပုက်အမှတ် – ၃၉၇

[၆၄] သန်းထွန်း၊ *လက်ဘက်ယဉ်ကျေးမှု၊* ရန်ကုန်၊ စာပေဗိမာန်စာအုပ်တိုက်၊ *၁၉၆၆*၊ မျက်–၃၄ (နောင်သန်းထွန်း၊ *၁၉၆၆* ဟုဖော်ပြပါမည်။)

[၆၅] သန်းထွန်း၊ *၁၉၆၆*၊ ၃၄

ကုန်းဘောင်ခေတ် ရှမ်းနယ်တရားစီရင်ရာတွင် ရာဇဌာနီ၌ ကျင်သုံးသည့် သစ္စာပြုခြင်းဖြင့်လည်း ဆုံးဖြတ်စီရင်သည်။ ယင်းကို ကမ္ဘာလေးရပ်တရားစီရင်နည်း[၆၆]ဟုခေါ်သည်။

ရှမ်းနယ်တရားစီရင်ရေးနှင့်ပတ်သက်၍ ရာဇဝတ်မှုများကြောင့် ချုပ်နှောင်ထားသည့် အကျဉ်းသားများအား မြန်မာဘုရင်တို့ ထီးဆောင်မင်္ဂလာဥကင်သ ဖွင့်ပွဲများကျင်းပချိန်တွင် အချုပ်အနှောင်မှ လွတ်ပေးရန် အမိန့်တော်များ ချမှတ်ခဲ့သည်။[၆၇]

စော်ဘွား၊ မြို့စားတို့သည် တရားစီရင်ရာတွင်လည်းကောင်းတို့၏ သက်ဆိုင်ရာစီရင်စု နယ်မြေအတွင်းနေထိုင်ကြသော သူများအပေါ်တွင် သာစီရင်ဆုံးဖြတ်ခွင့်ရှိသည်။ သို့သော် အစုအငန်းသားတို့ကိုမူ စီရင်ဆုံးဖြတ်ခွင့်မရှိပေ။[၆၈] စော်ဘွား၊ မြို့စား၏ စီရင်စုအတွင်းတွင်လည်း အခြားအရာရှိများက ၎င်းတို့နှင့် မည်မျှပင်သက်ဆိုင်စေကာမူ ဝင်ရောက်စီရင်ပိုင်ခွင့် မရှိပေ။[၆၉]

**နိုင်ငံခြားဆက်ဆံရေး**

ကုန်းဘောင်ခေတ်အုပ်ချုပ်ရေးအတွက် ထုတ်ပြန်သော အမိန့်တော်များတွင် တရားစီရင်ရေး သာမက နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်သော အမိန့်တော်များကို စီစစ်ကြည့်ရသော်

---

[၆၆] အရွယ်တူညီသော ဖရောင်းတိုင်နှစ်တိုင်ကို တရားဘက်နှစ်ဦးက သစ္စာဆို၍ ဘုရားရှေ့တွင် ထွန်းသည်။ မီးအရင်ငြိမ်းသောသူမှာရှုံးသည်။

မီးဖြင့် အရည်ပျော်နေသော ခဲရည်ပူထဲသို့ ထန်းရွက်(သို့) ငှက်မွေးစသည့်တို့ဖြင့် ပတ်ထားသည့်လက်ဖြင့် တရားဘက်နှစ်ဦးကိုနှစ်စေသည်။ ယင်းတို့ထဲတွင် လက်တွင်အနာဖြစ်သောသူမှာ အမှုရှုံးသည်။


-အမှုသည်နှစ်ဦးကို ရေထဲသို့ဆင်းစေကာ ၎င်းတို့နှစ်ဦး၏ခေါင်းကို ဝါးလုံးထိုး၍ ရေထဲသို့ ငုတ်စေသည်။ ရေထဲ၌ကြာကြာငုတ်နိုင်သူသည် အမှုနိုင်သည်။

- အမှုသည်နှစ်ဦးကို ဆန်ဆတူ လက်ထဲတွင်ကိုင်စေသည်။ ထို့နောက် ပြိုင်တူထည့်ထားသည့် ရေနွေးအိုးထဲသို့ ထည့်စေသည်။ အချိန်အတန်ကြာလျှင် ထိုဆန်ကိုစားကြည့်က ဆန်အရင်ကျက်သူသည် အမှု နိုင်သည်။

[67] Than Tun, *1989*, 377

[68] Than Tun, *1986 b*, 779

[69] Than Tun, *1987*, 460





ပုံ-၇ နိုင်ငံခြားတိုင်းပြည်များနှင့်ဆက်ဆံရေး

ပင်ရင်း။ /Than Tun, *1985 b*, 156; *1986 a*, 631, 644; *1986 b*, 497, 832, 849, 871; *1987*, 402, 447, 478, 507, 521, 544, 331, 332, 398, 989

နိုင်ငံခြားဆက်ဆံရေးတွင် တရုပ်နှင့်ဆက်ဆံရေးသည် အများဆုံးဖြစ်သည်။ ရွှေဖဝါးတော် အောက်လာရန်၊ တရုတ်ဥတည်မင်းသမီးတော်ဆက်၊ တိုင်ရေး၊ ပြည်ရေးနှင့် နယ်စပ်ပြဿနာဖြေရှင်း မှုများပါသည်။ ကသည်းတို့နှင့်ဆက်ဆံရေးတွင် သမီးတော်ဆက် အခမ်းအနားသာ တွေ့ရသည်။ လင်ဇင်း နှင့် ဆက်ဆံရေးတွင် နယ်စပ်မငြိမ်သက်မှု ပြဿနာ ဖြေရှင်းရန်နှင် အင်္ဂလိပ်တို့နှင့်ဆက်ဆံရေးတွင်လည်း ရှမ်း၊ ယွန်းတို့အတွက်နေရာပေးရန် တောင်းဆိုချက်များကို အမိန့်တော်တွင်လေ့လာနိုင်သည်။

**သာသနာရေးဆောင်ရွက်ချက်များ**

ဗဟိုရာဇဌာနီနှင့် ရှမ်းနယ်ဆက်ဆံရေးတွင် အထက်အုပ်ချုပ်ရေး၌သာမဟုတ်ဘဲ သာသနာရေး နှင့်ဆိုင်သော ဆက်ဆံရေးလည်းရှိခဲ့သည်။ ထိုဆက်ဆံရေးသည် ဗဟိုအစိုးရ၏ ကြိုးပမ်းမှုလည်း ပါဝင်သည်။ မြန်မာမင်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ သာသနာတော် အစွန့်ရှည်တည်တံ့ပြန့်ပွားစေရေးအတွက် ရေးအစဉ်အဆက်ကပင် ရှမ်းနယ်များသို့ သာသနာပြုဆရာတော်များ စေလွှတ်၍ လည်းကောင်း၊ ပဋိကတ်သုံးပုံပေးပို့ခြင်းဖြင့်သော်လည်းကောင်း၊ ဘုရား၊ ဂူ၊ ကျောင်းများ တည်ဆောက်ပေးခြင်းဖြင့်လည်းကောင်း သာသနာပြုကြသည်။ ထိုအစဉ်အလာအတိုင်းပင် ကုန်းဘောင်မင်းတို့သည် လည်း ရှမ်းပြည်ဒေသသို့ သာသနာပြုရန်အတွက် အမိန့်တော်များ ထုတ်ပြန်ခဲ့သည်။




ပုံ–၈ သာသနာရေးဆောင်ရွက်ချက်

ပင်ရင်း။ /Than Tun, *1986 a*, 316, 353, 397, 483; *1986 b*, 556, 564; *1988 a*, 368, 405, 351; *1989*, 445, 451, 459, 464, 475, 417, 402, 605, 748

## ရှမ်းနယ်စီးပွားရေး

ရှမ်းပြည်နယ်၏ စီးပွားရေးမှာ အမိန့်တော်အထောက်အထားတွင် မိုးကုတ်၊ ကြပ်ပြင်[၇၀]၊ မိုးမိတ်နယ်၌ ကျောက်တွင်းတူးခြင်း[၇၁]၊ ဘုရားပွဲခွန်အဖြစ် မိုးမိတ်၊ မိုးလှိုင်၌ ဈေးပွဲခွန်ကောက်ခံခြင်း[၇၂]၊ သိန္နီမြို့နယ်တွင် ပလောင်တို့ထံမှ ကိုယ်ခွန်ကောက်ခံခြင်း[၇၃]၊ သိန္နီမြို့အရှေ့ဘက် မိုင်းတိမ်မြို့ အနောက်ဘက်တော၌ လဝတို့ရောင်းဝယ်ဖောက်ကားခြင်း[၇၄] တို့သာ စီးပွားရေးလုပ်ငန်းများအဖြစ်တွေ့ရသည်။

---

70 Than Tun, *1986 b* , 939

71 Than Tun, *1987* , 536

72 Than Tun, *1989* , 1064

73 Than Tun, *1986 b* , 866

74 Than Tun, *1987* , 409

သီပေါမင်းလက်ထက် အကောက်နှုန်းစာရင်းတွင် ရှမ်းနယ်တစ်ခွင်၌ ပရဆေးရောင်း ဝယ်ရေး၊ လူ့ အသုံးအဆောင်ပစ္စည်းများ၊ ဆီ၊ သစ္စေး၊ ရှားစေး၊ သနပ်ဖက်၊ စက္ကူ၊ ဆင်စွယ်၊ ခဲမဖြူ၊ ကြွဲချို၊ ဖယောင်း၊ ပတ္တမြား၊ မြင်း၊ နွား၊ ရောင်းဝယ်မှုကိုတွေ့ရှိရသည်။[75]

ကုန်းဘောင်ခေတ်ရှမ်းနယ်အုပ်ချုပ်ရေးကိုသုံးသပ်ရလျှင် စော်ဘွားတို့၏ အုပ်ချုပ်မှုအောက်တွင် အုပ်ချုပ်ရေး၊ ရာထူးခန့်ထားမှု၊ စစ်ရေး၊ တရားစီရင်ရေး၊ အမှုစီရင်ပုံ၊ အမိန့်တော်များမှအမှုများ၊ နိုင်ငံခြား ဆက်ဆံရေး၊ သာသနာရေးဆောင်ရွက်ချက်၊ စီးပွားရေးတို့အား မိမိတို့ဒေသနှင့် လိုက်လျောညီထွေစွာ လိုက်နာကျင့်သုံးသော အုပ်ချုပ်ရေးဖြစ်သည်ကို တွေ့ရပါသည်။

**အဆောင်အရွက်အစီးအင်းနှင့်ရပိုင်ခွင့်များ**

စော်ဘွားတို့ဆင်ယင်ပိုင်ခွင့်ရှိသော အဆောင်အယောင်များမှာ ဟော်နန်းတွင် မြန်မာဘုရင်တို့၏ နန်းတော် ကဲ့သို့ ပြဿဒ်၊ အပြောက်အမွမ်းများတပ်ဆင်ဆောက်လုပ်ခွင့်၊ မှန်စီရွှေချရာဇပလ္လင်နှင့် ထီးဖြူမိုးခွင့် ရှိသည်။[76] ညီလာခံကျင်းပချိန်တွင် မင်းမြောက်တန်ဆာငါးပါး အစုံအလင်ဝတ်ဆင်ခွင့်ရှိသည်။ စော်ဘွား ကြီး၏ မိဘုရားမဟာဒေဝီလည်း မလ္လိကာတန်ဆာ အစုံအလင်ကို အခါအားလျော်စွာ ဝတ်ဆင်ခွင့်ရသည်။ မြန်မာဘုရင်တို့သည် ထွက်တော်မူ၊ ဝင်တော်မူတိုင်း စည်တော်ရွမ်းရသော်လည်း ရှမးစော်ဘွားမှာမူ ဝင်စည် သာရွမ်းခွင့်ရှိ၍[77] ရှမ်း နယ်စော်ဘွားတို့အား စည်းတော်နှင့်တူရိယာ[78] များပေးအပ်ချီးမြှင့်သည့် ဓလေ့သည် ရှေးအင်း ဝမင်းများမှစ၍ ဟံသာဝတီရောက်မင်းလက်ထက်ထိ မင်းအဆက်ဆက် ပြုလုပ်ခဲ့သည့်ဓလေ့ ဖြစ်သည်။[79]

မြန်မာဘုရင်တို့သည် စော်ဘွားတို့၏ အဆင့်အတန်းကိုလက်၍ ကွမ်းခွက်ဝန်း၊ ရှစ်ထောင့် ကွမ်းခွက်၊ ဆယ့်နှစ်ရာသီကွမ်းခွက်၊ ကျောက်ပတ္တမြားစီ ကွမ်းခွက်[80] တို့ကို ခေတ်အလိုက်ပြောင်းလဲပေးခဲ့ ကြသည်။ သုံးဆယ်၊ လဲချားကဲ့သို့သော မြို့စုစားတို့ကို ရွှေကြပ်လက်ဘက်အိုးပေးခဲ့သည်များလည်း ရှိသည်။[81] စော်ဘွားများစီးနင်းရန် လှေများ၏ အဆင်တန်ဆာကိုလည်း သတ်မှတ်ချီးမြှင့်ခဲ့သည်။[82] ဗန်းမော်နှင့် ညောင်ရွှေစော်ဘွားတို့သာ လှေကို အသုံးပြုနိုင်သော ရေကြောင်းလမ်းရှိသဖြင့် ယင်းတို့သာ

---

[75] ရှေးဟောင်းစာပေသုတေသီတစ်ဦး၊ *သီပေါမင်းလက်သက္ကရာဇ် ၁၂၄၇ ခု တော်သလင်းလတွင် ပုံနှိပ် သတ်မတ်ခဲ့သည့် အကောက်နှုန်းစာရင်း*၊ စာတွဲ(၂)၊ မြန်မာမှုဗိမာန်စာပေဘဏ်၊ မျက်–၂၉–၃၀

[76] ဓာတ်ပုံ(၁) ထီး

[77] ကမ္ဘောဇမြင့်လွင်၊ *သိကောင်းဘွယ်ရာရှမ်းပြည်မှာ*၊ ရန်ကုန်၊ အေးအေးစာပေ၊ ၁၉၆၅၊ မျက်–၅၇–၅၈ (နောင်ကိုးကားလျှင် ကမ္ဘောဇမြင့်လွင်၊ *၁၉၆၅* ဟုညွှန်းပါမည်။)

[78] ဓာတ်ပုံ(၂)၊ စည်ရှည်၊ ဓာတ်ပုံ (၃) အခမ်းအနားသုံးစည်၊ ဓာတ်ပုံ (၄) စည်တိုနှင့်စည်၊ ဓာတ်ပုံ (၅) နဲ့၊ ဓာတ်ပုံ (၆) ပလွေ၊ ဓာတ်ပုံ (၇) လေမှုတ်တူရိယာ၊ ဓာတ်ပုံ (၈) လင်းကွင်း

[79] Than Tun, *1985 b* , 126

[80] ဓာတ်ပုံ(၉)၊ ကွမ်းခွက်၊

[81] ဓာတ်ပုံ(၁၀) ရွှေလ္ဘက်အိုး

[82] ဓာတ်ပုံ(၁၁) လှေ နှင့်အဆင်တန်ဆာများ

လေ့နှင့်ဆိုင်သော အဆောင်အယောင် ဖြစ်သည်။ စက္ကဝက်ရုပ်၊ ခေါင်းအမြီးထောင်ရွှေတစ်စု၊ အနီတစ်စုတပ် ဆင်စီခြယ်ခွင့်ရရှိကြလေသည်။[၈၃]

**အရိုးဆက်ခံမှု**

စော်ဘွားတို့သည် ရိုးရာဆက်ခံခွင့်ရှိသည်ဟုဆိုသော်လည်း အဖအရာကို သားသည် တိုက်ရိုက်ဆက်ခံပိုင်ခွင့်မရှိချေ။ စော်ဘွားကွယ်လွန်သောအခါတွင် ကွယ်လွန်ကြောင်းကို လွှတ်တော်တွင် အစီရင်ခံရသည်။ စော်ဘွားသင်္ဂြိုလ်ရန်အဖွဲ့ခန့်၍ ထိုစော်ဘွားတို့အလောင်းကို ရှေးစော်ဘွားတ သင်္ဂြိုလ်သည့်နည်းအတိုင်း သင်္ဂြိုလ်စေရန်[၈၄]နှင့် စော်ဘွား၏ ကျန်ရှိပစ္စည်းများကို ဘုရင်ထံ ဆက်သရသည်။ ၎င်းကိုအမွေသွင်းဟုခေါ်သည်။[၈၅] ဘုရင်ကစော်ဘွား၏ အရိုက်အရာကိုဆက်ခံမည့်သားတော်၊ ညီတော်၊ တူတော်စသည့် အဆက်အနွယ်များကို မြို့ စာချွန်ပေးအပ်ခန့်ထားသည်။ များသောအားဖြင့် စော်ဘွားသည် ယင်းတို့၏ အရိုက်အရာကို ဆက်ခံနိုင်မည့် 'ကျမိုင်းသခင်လေး'ကို ယင်းတို့ မကွယ်လွန်မီကပင် ခန့်ထားလေ့ရှိသည်။[၈၆]

စော်ဘွားအရာဆက်ခံမည့်သူကို မြို့အပ်ပြီးသောအခါ ရာဇဌာနီမှ စော်ဘွားခန့်အမိန့် တော်များကို ထုတ်ပြန်သည်။ [၈၇] ကျိုင်းရုံးကြီးသေသည် ဝီဘွားခန့်အမိန့်တောတွင် သတိပြုဘွယ်ရာများမှာ–"ထီးရုံ၊ နန်းရုံ"ဟူသောအသုံး၊ "တရုတ်ပြည်နှင့်ဆက်စပ်"ဟူသောအသုံး၊ "ဥပရာဇာ"ဟူသောအသုံးနှင့် "မှူးမတ်တို့စုံညီညှိနှိုင်း"ဟူသော အသုံးတို့ပင်ဖြစ်သည်။ ယင်းတို့က စော်ဘွား၏ အဆင့်အတန်းကိုလည်းကောင်း၊ သားကြီးသြရသ ဆက်ခံရိုးအစဉ်အလာကိုလည်းကောင်း၊ လွှတ်တော်အခန်းကဏ္ဍကိုလည်းကောင်းပေါ်လွင်အောင်ဖော်ပြထားသည်။ ထို့ပြင် အမိန့်တော်များ၌ စော်ဘွာများခန့်ထားမှုကို ဖော်ပြလိုပါသည်။

**ဇယား (၃) စော်ဘွားရိုးဆက်ခံမှု**

| ရက်စွဲ | အရိုးဆက်ခံသူ | ညီ | သား | ရွာ/မြို့ |
|---|---|---|---|---|
| ၆ဖေဖော်ဝါရီ၁၈၀၆ | လက်မိုင်းမြို့စော်ဘွား[၈၈] | | | လက်မိုင်းမြို့ |
| ၁၅ဇန်နဝါရီ၁၈၀၇ | ပန်းအောင်[၈၉] | | | မိုးနဲ၊ ကျေးခိုရွာ |
| ၁၁ဒီဇင်ဘာ၁၈၁၀ | သေသည်ဝီဘွားစောစ[၉၀] | | | ကျိုင်းရုံးကြီးမြို့ |
| ၁၉ဖေဖော်ဝါရီ၁၈၁၁ | စောမိန်းခန်း[၉၁] | | | မိုင်းလျည်းမြို့ |

83 Than Tun, *1985 b* , 127

၈၄ ခာတ်ပုံ(၁၂)၊ ထီးဖြူရုံ (သင်္ဂြိုလ်ပုံအခမ်းအနား)

၈၅ သီရိဥဇနာ၊ *လောကဗျူဟာကျမ်း*၊ အင်ရုံစာတမ်း၊ ဦးဘိုလတ်၊ တည်းဖြတ်၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၂၊ မျက်–၁၇၅ (နောင်ကိုးကားလျှင် သီရိဥဇနာ *၁၉၆၂* ဟု ညွှန်းပါမည်။)

၈၆ သီရိဥဇနာ၊ *၁၉၆၂*၊ ၁၇၅

၈၇ တော်စန်ခို၊ *၁၉၆၀*၊ ၅

88 Than Tun, *1986 b* , 787


89 Than Tun, *1987* , 334

90 Than Tun, *1987* , 824

91 Than Tun, *1988 a* , 199

| | | | | |
|---|---|---|---|---|
| ၁၀ဇန်နဝါရီ၁၈၃၀ | စောခန်းအုံ[၉၂] | | | မိုင်းလျည်းမြို့ |
| ၂၉ မေ ၁၈၅၀ | ရာဇပွတ်[၉၃] | | | ကျိုင်းရုံးကြီး |
| ၂၉ မေ ၁၈၅၀ | ဇောတိနဂရမဟာသီဟ[၉၄] | | | ကျိုင်းရုံးကြီး |
| ၂၈ ဇွန် ၁၈၅၀ | ပဝရ သုဓမ္မရာဇာ[၉၅] | စောခန်းဆုံ | စောဟုံခန်း | မိုင်းလျည်းမြို့ |
| ၂၂ ဇူလိုင် ၁၈၅၀ | စောဗျည်းခန်း[၉၆] | | | မိုင်းလျည်းမြို့ |
| ၂၁ ဩဂုတ် ၁၈၀၉ | မဟာဝံသရာဇသိုဟုံဘွား[၉၇] | | | ဝန်သိုမြို့ |

စော်ဘွားမြို့စားတို့ကို ခန့်အပ်ခြင်းနှင့်အတူ ဘွဲ့၊ အဆောင်အယောင်၊ အစီးအနင်းများကိုလည်း ချီးမြှင့်မြဲဖြစ်သည်။ သို့သော် ထိုဘွဲ့၊ အဆောင်အယောင်အစီးအနင်းများမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ စော်ဘွားနှင့်အခြားအမှုထမ်းတို့၏ အာဏာနှင့်နယ်မြေပိုင်ဆိုင်မှုကို လိုက်၍ပေးသည်ကို အောက်ပါဇယား၌တွေ့ရသည်။



ပုံ-၉ ရပိုင်ခွင့်များ

ပင‌ရင်း။ /Than Tun, *1985 a*, 122; *1985 b*, 127, 120; *1986 a*, 342, 677, 256; *1987*, 338, 409, 621; *1988 a*, 277; *1988 b*, 623, 821, 853, 873, 878-79, 946-8, 989, 999, 857, 873, 880, 999, 1009, 623, 880; *1989*, 522, 543, 539, 652, 814, 826, 836, 928, 543, 539, 621, 652

92 Than Tun, *1988 b*, 543

93 Than Tun, *1988 b*, 994

94 Than Tun, *1988 b*, 995

95 Than Tun, *1988 b*, 1004

96 Than Tun, *1988 b*, 1015

97 Than Tun, *1989*, 708

စော်ဘွားနှင့် အခြားအရာရှိအမှုထမ်းတို့၏ ရပိုင်ခွင့်အမျိုးမျိုးကို ပေးရုံမက စော်ဘွား၏မဟာဒေဝီကိုလည်း မြန်မာဘုရင်ကထီး၊ အစီးအနင်း၊ အဆောင်အရွက်များ ပေးအပ်ချီးမြှင့်သည့် သာဓကကိုလည်းတွေ့ရသည်။[၉၈]

မြန်မာဘုရင်သည် အချို့ ရှမ်းနယ်စော်ဘွားတို့ကို ရာဇပလ္လင်နှင့် ထိုင်ခွင့်ပေးသည်လည်းရှိသည်။ အထူးသဖြင့် မိုင်းပွန်၊[၉၉] ကျိုင်းတုံ၊ ကျိုင်းရုံး၊ ညောင်ရွှေမြို့များကို အုပ်ချုပ်သော စော်ဘွားကြီးများ၏ နန်းဦးအိမ်တွင် ရာဇပလ္လင်နှင့် ထိုင်ခွင့်ပေးထားသည်ကို တွေ့ရသည်။[၁၀၀]

**ဘွဲ့ပေး**

မြန်မာဘုရင်တို့သည် ရှမ်းနယ်စော်ဘွား၊ မြို့စားများအား ဘွဲ့ပေးအပ်သည့်အစဉ်အလာများရှိခဲ့ရာ ဘကြီးတော်ဘုရားလက်ထက် ၁၈၂၀ခုနှစ်တွင် စော်ဘွား၊ မြို့စားအားပေးအပ်သောဘွဲ့များမှာ

**ဇယား (၄) မြန်မာဘုရင်မှ စော်ဘွားတို့အား ပေးအပ်သောဘွဲ့အမျိုးမျိုး**

| စော်ဘွား/မြို့စားအမည် | ပေးအပ်သောဘွဲ့ |
|---|---|
| ကလေးစော်ဘွား | မောရိယသီဟရာဇာ |
| ကျိုင်းခန်းမြို့စား | သီရိသိုစော်ဘွား |
| ကျိုင်းချိုင်စော်ဘွား | ပဋ္ဌာလရာဇာ |
| ကျိုင်းတုံစော်ဘွား | ခေမာရဋ္ဌမဟာသီဟပဝရရာဇာ |
| ကျိုင်းရုံးစော်ဘွား | ဇောတိနဂရမဟာဝံသပဝရရာဇာ |
| စကားမြို့စား | သီရိသိုဟံဘွား |
| ညောင်ရွှေစော်ဘွား | ကမ္ဘောဇဒေဝရာဇာ |
| တဘက်မြို့စား | သီရိသိုဟုံဘွား |
| နောင်မွန်မြို့စား | သီရိသိုကော်ဘွား |
| နန်းခုတ်စော်ဘွား | ကမ္ဘောဇ နန္ဒရာဇာ |
| မိုးညှင်းစော်ဘွား | အာဋ္ဌာဝိပူရသီဟရာဇာ |
| မိုးနဲစော်ဘွား | ကမ္ဘောဇ မဟာသီဟရာဇာ |
| မိုးဗြဲစော်ဘွား | ကမ္ဘောဇ ဟာသေည်ဘဝရာဇာ |
| မိုးမိတ်စော်ဘွား | ဂန္ဓရမဟာဇေယရာဇာ |
| မောက်မယ်စော်ဘွား | ကမ္ဘောဇသူရရာဇာ |
| မိုင်းကိုင်မြို့စား | သီရိသိုကြောင်ဘွား |
| မိုင်းစိတ်မြို့စား | သီရိသိုခင်ဘွား |
| မိုင်းပျဉ်းမြို့စား | သီရိသိုစံဘွား |
| မိုင်းပွန်းမြို့စား | သီရိသိုဟန်ဘွား |
| မိုင်းလုံမြို့စား | သီရိသိုငံဘွား |
| ရပ်စောက်မြို့စား | သီရိသို့ဟုန်ဘွား |
| လဲချားစော်ဘွား | ကမ္ဘောဇ သီရိရာဇာ |
| သုံးဆယ်မြို့စား | သီရိသိုကာဘွား |

98 Than Tun, *1989*, 539

၉၉ ခာတ်ပုံ(၁၃) ပလ္လင်၊ မိုင်းပွန်

၁၀၀ သီရိဥဇနာ၊ *၁၉၆၂*၊ ၂၂၄

| | |
|---|---|
| သောင်သွပ်စော်ဘွား | မောရိယရာဇာ |
| သိန္နီစော်ဘွား | သီရိရဋ္ဌမဟာသီဟရာဇာ |

တို့ဖြစ်သည်။[၁၀၁]

**ရှမ်းနယ်အုပ်ချုပ်ရေးအရာရှိများ၏ ရပိုင်ခွင့်များ**

ရှမ်းနယ်တွင်စော်ဘွားအပြင် စော်ဘွားနှင့်တွဲဘက်အုပ်ချုပ်ရန် ကျေးမိုင်း(အိမ်ရှေ့ဥပရာဇာ)၊ မြို့စား၊ ငွေခွန်မှူး အမတ်၊ ဟိန်းထမုံ၊ ကျော့စသည့်အရာထမ်း၊ အမှုထမ်းအဆင့်ဆင့်ကို ခန့်ထားသည်။ [၁၀၂] ယင်းတို့သည် ရှမ်းနယ်အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ အခွန် ကောက်ခံရေး၊တရားစီရင်ရေးတာဝန်များကို ရာထူးအလိုက်လုပ်ဆောင်ရ၍ အဆောင်အယောင်နှင့် လုပ်ပိုင်ခွင့်များပေးသနားလေ့ရှိသည်။ ထိုအာဏာပိုင် ထဲမှ စော်ဘွားနှင့်ဆွေမျိုးတော်စပ်သ အထူးမြို့စားမျိုးရိုးကို

ပြဿဒ်မပါ အိမ်တော်

အုံးစိုက်ရွှေထီးနှစ်လက် (အတွင်းအပြင်ရွှေပိန်ချ)

အဆောင်ထီးနီနှစ်လက် (ပဒေါင်းလည်ကြာယပ်၊ ရွှေညောင်ရွက်ချ)[၁၀၃]

ရွှေထွေးခံ၊ ရွှေဖလား၊ ဓါးနက်(ကျောက်စီ)

ရထား (မြင်းတကောင်က၊ ကတ္တီပါကုန်းနှီး၊ ငွေပန်းပွား)[၁၀၄]တို့ဖြစ်သည်။

ဉာဏ်ပညာထူးချွန်ထက်မြက်သူ၊ အရည်အချင်းရှိသည့် ရိုးရိုးမြို့စား၏ အဆောင်အယောင်မှာ

ရွှေထီးနှစ်လက် (အမိုးနှင့်ထီးရိုးနှစ်ဆစ်ရွှေချ၊ ထီးတစ်လက်ဆောင်းပြီး၊ ကျန်ထီးတစ်လက်အ ဆောင်)

ငွေထွေးခံ၊ ရွှေဖလား

ရွှေဓါး

ရထား(မြင်းတကောင်က၊ သက္ကလပ်ကုန်းနှီး၊ အမိုးဖြူ၊ ပန်းပွားတပ်) တို့ဖြစ်သည်။[၁၀၅]

ရွှေခွန်မှူး၊ငွေခွန်မှူးတို့မှာလည်း ရှမ်းနယ်တွင် အုပ်ချုပ်ရသည့် အရာရှိများပင်ဖြစ်သည်။ ယံဒုံမင်း ချီးမြှင့်သောငွေခွန်မှူး၏ အဆောင်အယောင်မှာ

ရွှေထီး (အလယ်တစ်မိုက်လပ်ဆောင်)

ရွှေဖလား

ငွေထွေးခံ[၁၀၆]

တို့ဖြစ်သည်။ ငွေခွန်မှူးတို့သည် မြန်မာဘုရင်မှ မင်းခမ်းမင်းနားပွဲများ ကျင်းပလျှင် အခြားစော်ဘွား၊ မြို့စားတို့နှင့်ရောနှောခစားခွင့်ရှိသည်။

---

[၁၀၁] ဦးမောင်မောင်တင်၊ စုဆောင်း၊ ဆက်ရေး၊ *ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး*၊ ဒုတိယတွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၈၊ မျက်-၂၃၇

[၁၀၂] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံ(ရှမ်း)၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၈၊ မျက်-၂၆၄ (နောင်ကိုးကားလျှင် ဓလေ့ထုံးစံ၊ (ရှမ်း)၊ *၁၉၆၈* ဟုညွှန်းပါမည်။)

[၁၀၃] ဓာတ်ပုံ (၁၄) ဓါး

[၁၀၄] ဓာတ်ပုံ (၁၅) မြင်း နှင့် (ကကြိုးတန်ဆာပလာအစုံ)

[၁၀၅] ဓလေ့ထုံးစံ၊ (ရှမ်း)၊ *၁၉၆၈*၊ ၂၆၅-၂၆၆

[၁၀၆] ကမ္ဘောဇမြင့်လွင်၊ *၁၉၆၅*၊ ၆၅

ကုန်းဘောင်ခေတ်ရှမ်းနယ်အုပ်ချုပ်ရေးအတွက် အရေးပါသည့် ဟိန်သည် လူတစ်ထောင်ပေါ်တွင် အုပ်ချုပ်ရသူဖြစ်သည်။ အဝေးစစ်ကဲများနှင့် အလားတူသည်။[၁၀၇] ဟိန်ရာထူးကို စော်ဘွားအမိန့်ဖြင့် ခန့်အပ်သည်။ အမှုထမ်းကောင်းမွန်သူ၊ ကျေးဇူးသစ္စာ စောင့်သိသူတို့ကို အဆောင်အယောင်များ ပေးသနားလေ့ရှိသည်။

ဓား

အိမ (ကြာခံနှစ်ဆင့်)[၁၀၈]

မြင်း (ကကြိုးတန်ဆာပလာအစုံ)

ထုံးဘူး

ငွေဖလား

ရွှေမောင်း[၁၀၉]

ဓါး (ဆင်စွယ်ကွပ်)

လုံ (နှစ်ချောင်း)[၁၁၀]

သေနတ်[၁၁၁] စသည်တို့ဖြစ်သည်။

ရှမ်းနယ်၏ အခြားအာဏာပိုင်တစ်ဦးမှာ ထမုံဖြစ်သည်။ ထမုံ၏အဓိပ္ပါယ်မှာ ပဲ့သူကြီး (သို့မဟုတ်) ထောင်ကဲ (သို့မဟုတ်) ဖောင်ဝနရာထူးနှင့်တူညီသည်။[၁၁၂] ရှမ်းနယ်ကျေးရွာများတွင် ထမုံသည် သူကြီးရာထူးကို တာဝန်ယူအုပ်ချုပ်ရသည်။

ရှမ်းနယ်၏တခြားကျေးရွာအာဏာပိုင်မှာ ကျော့ဖြစ်သည်။ ကျော့၏တာဝန်မှာ ဆယ်အိမ်ခေါင်းသဘောမျိုးဖြစ်သည်။ ထမုံ၏ လက်အောက်တွင် အုပ်ချုပ်ရသည်။ ထမုံနှင့်ကျော့သည် ကျေးရွာအာဏာပိုင်မားဖြစ်သည့်အလျောက် ကျေးရွာလူထုနှင့် အနီးကပ်ဆက်ဆံရသူများဖြစ်သည်။ ကျော့ကိုစော်ဘွားကပင်ခန့်သည်။ ကျေးရွာတစ်ရွာလျှင် ကျော့အပြင် ရွာဆော်တစ်ယောက်ကိုလည်း ခန့်ထားသည်။

အထက်ပါ ကျေးရွာအာဏာပိုင်များအနက် ထမုံသည် အခွန်ကောက်ခံရငွေ၏ ၁၀% စားရ၍ ကျော့နှင့် အစီအရင်က ၅%စားရသည်။ ကျန်သည်များကို စော်ဘွား၊ မြို့စားများထံ ပြန်အပ်ရသည်။ ထမုံ၊ ကျော့ အစီအရင်၊ ရွာဆော်နှင့် အစေခံတို့သည် တဆဲ့နှစ်မူ[၁၁၃]မင်းရေး ကိစ္စ ကင်းလွတ်ခွင့်ရသည့်[၁၁၄] အခွင့်အရေးကိုရရှိကြသည်။

---

[၁၀၇] ဦးတင်၊ *မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်ဘိုးတော်ဘုရား၏ရာဇသတ်ခေါ်အမိန့်တော်တမ်းကြီး*၊ ပဥ္စမတွဲ၊ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅၊ မျက်–၁၃၇

[၁၀၈] ဓာတ်ပုံ (၁၆) အိမ် (ကြာခံနှစ်ဆင့်)၊ ဟော်

[၁၀၉] ဓာတ်ပုံ (၁၇) ရွှေမောင်း

[၁၁၀] ဓာတ်ပုံ (၁၈) လုံ

[၁၁၁] ခေမိန္ဒ၊ *၁၉၁၀*၊ ၁၀၅

[၁၁၂] ဓလေ့ထုံးစံ၊ (ရှမ်း) *၁၉၆၈*၊ ၂၆၅–၂၆၆

[၁၁၃] ထန်းဖူးစည်း၊ ကော်၊ မရိုးမီးသွေး၊ မန်းကျည်းမှဲ့၊ လဲ့၊ အုန်းသျှစ်၊ အုံတုံ၊ ပွဲညက်၊ လျှော်၊ တမာစေး၊ တင်လဲ၊ ရေနံ

[၁၁၄] မောင်ထင်ကျော်၊ "အင်းလေးစစ်တမ်း"၊ *တက္ကသိုလ်ပညာပဒေသာစာစောင်*၊ အတွဲ–၃၊ အပိုင်း–၄၊ ၁၉၆၈၊ မျက်–၂၃၅

**လက်ဆောင်ဆက်**

မြန်မာဘုရင်တို့၏ လက်အောက်ခံများဖြစ်ကြသော အခွင့်အရေးရကြသည့် စော်ဘွား၊ မြို့စားတို့သည် သတ်မှတ်ထားသည့်နေရက်များတွင် ကန်တော့လက်ဆောင်များနှင့်အတူ ရာဇဌာနီသို့ သွားရောက်၍ ကန်တော့လက်ဆောင်ဆက်သရသည်။ စော်ဘွားအခန့်ခံရသူသည် မြန်မာဘုရင်အား ကန်တော့လက်ဆောင်ပေးရသည်။ ကန်တော့လက်ဆောင်မှာ စော်ဘွားတစ်ဦးနှင့်တစ်ဦး မတူညီပေ။ အဆင့်အတန်းကိုလိုက်၍ အနည်းအများ ကွာခြားသည်ကို တွေ့ရသည်။ မိုးနဲစော်ဘွားအရာကို ဆက်ခံလျှင် ရွှေဖလား ငါးကျပ်ခုပ်၊ ဖဲနီတစ်လိပ်၊ မြင်းတစ်ကောင်၊ စော်ဘွားငယ်လျှင် မြို့ရလက်ဆောင်အဖြစ် ရွှေဖလားနှစ်ကျပ်ခွဲခုပ်၊ ဖဲနီတစ်လိပ်၊ ငွေ ၇၅၀ကျပ် ဆက်ရသည်။ ခရစ်နှစ် ၁၇၆၅တွင် ဝန်သိုစော်ဘွား ကစော်ဘွားအရာလက်ခံရရှိ၍ မြန်မာဘုရင်အား လက်ဆောင်အဖြစ် ငွေ ၂၀၀၀ ဆက်ရသည်။ [၁၁၅] ဤသို့ အရိုက်အရာဆက်ခံလျှင် ကန်တော့လက်ဆောင်ဆက်ရခြင်းမှာ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံဆက်ဆံရေး စတင်ခြင်း၏ အထိမ်းအမှတ်သဘောဟု ဆိုနိုင်သည်။

ကန်တော့ခံ အခမ်းအနားကို ဝါဝင်တစ်ကြိမ်၊ ဝါကျွတ်တစ်ကြိမ်နှင့် နှစ်သစ်ကူးတစ်ကြိမ် ကျင်းပသည်။ ဤသို့ ကန်တော့ရာတွင် မြို့ရွာနယ်ပယ်ခရီးအနီးအဝေးနှင့်စော်ဘွားတို့၏ အဆင့်အတန်းကိုလိုက်၍ အချို့စော်ဘွားများမှာ တစ်နှစ်တစ်ခါ၊ အချို့စော်ဘွားများမှာ နှစ်နှစ်တစ်ခါ၊ တစ်ချို့သုံးနှစ်တစ်ခါ၊ တစ်ချို့မှာ တစ်နှစ်နှစ်ခါ၊ သုံးခါစသည့်ဖြင့် လက်ဆောင်ပဏ္ဏာ ဆက်သရသည်။ [၁၁၆] စော်ဘွားမြို့စားတို့ ကန်တော့လက်ဆောင်ဆက်အခမ်းအနားကို ရာဇဌာနီရှိ လွှတ်တော်တွင် ကျင်းပသည်။ [၁၁၇] စော်ဘွားများနှင့် [၁၁၈] လက်ဆောင်ဆက်လွဲအပ်ခြင်းခံရသော အရာရှိများမှ [၁၁၉] ဘုရင်အားကန်တော့ လက်ဆောင်ဆက်ရာတွင် ကိုယ်တိုင်လာရောက်ကြရသည်။ ကိုယ်တိုင်လာရန် မဖြစ်နိုင်ပါက ကနတော့ လက်ဆောင်များနှင့်အတူ ကိုယ်စားလှယ်စေလွှတ်ရသည်။ [၁၂၀] မြန်မာဘုရင်အားနှစ်စဉ်ဆက်သမြဲဖြစ်သည့် ရှိခိုးလက်ဆောင်နှင့်အတူ လွှတ်တော်သို့ လက်ဆောင်တော်ဆက်စာလည်းတင်ကြရသည်။ [၁၂၁] မြို့စားတို့က ကန်တော့လက်ဆောင် အသီးသီးဆက်ပြီးသောအခါ မြန်မာဘုရင်ကပြန်လည်၍ ထိုစော်ဘွား၊ မြို့စားတိ

---

[၁၁၅] ခင်မောင်ငွေး *ကုန်းဘောင်ခေတ် မြနမာ့အုပ်ချုပ်ရေးသမိုင်း၊ ၁၇၅၂–၁၈၈၅*၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ၁၉၇၅၊ မျက်–၁၅၇

[၁၁၆] ဦးတင်၊ *မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်အမိန့်တော်တမ်းကြီး*၊ ပထမတွဲ၊ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅၊ မျက်–၉ (နောင်ထပ်မံကိုးကားပါက တင်၊ *၁၉၆၅* ဟု ညွှန်းပါမည်။)

117 Than Tun, *1987*, 755

118 Than Tun, *1986 b*, 409

119 Than Tun, *1986 b*, 734, 738

120 (က) တင်၊ *၁၉၆၅*၊ ၉

(C) Than Tun, *1985 b*, 100

[၁၂၁] တော်စိန်ခို၊ *၁၉၆၀*၊ ၁၄၁–၂

ကိုလည်းကောင်း၊ စော်ဘွား၊ မြို့စားတို့က စေလွှတ်လိုက်သည်။ ကိုယ်စားလှယ်တို့ကိုလည်းကောင်း လက်ဆောင်အဖြစ်ဆုလာဒ်များကို ပြန်ပေးလေသည်။[၁၂၂]

မြန်မာဘုရင်ကပေးလိုက်သည့်လက်ဆောင်ပစ္စည်းတို့ကို စော်ဘွား၊ မြို့စားတို့က နေပြည်တော်ရှိရာဘက်သို့ ဦးညွတ်၍ ကောင်းမွန်ရိုသေစွာလက်ခံယူရသည်။[၁၂၃] စော်ဘွား၊ မြို့စားတို့ မြန်မာဘုရင်ထံကိုယ်တိုင်လာရောက် ကန်တော့လက်ဆောင်ဆက်သလျှင်မူ မိမိအုပ်ချုပ်ရသည့် မြို့ကျေးရွာများတွင် ကျန်ခဲ့သောစိတ်ချရသည့် စော်ဘွား၏ ညီတော်၊ သားတော်၊ အမတ်စသည့်တို့အား စောင့်ထိန်းကျန်ရစ်စေသည်။ ရှမ်းနယ်ရှိ စော်ဘွား၊ မြို့စားတို ကန်တော့လက်ဆောင်ဆက်သချိန်တွင် လာရောက်၍ ဆက်၊ မဆက်သိနိုင်ရန်အတွက် ကန်တော့စာရင်းကို လွှတ်တော်တွင် ထားရှိသည်။[၁၂၄]

နှစ်သစ်ကန်တော့ပွဲနီးလာလျှင် ကန်တော့လက်ဆောင်ဆက်သရန်စော်ဘွား၊ မြို့စားတို့အား သတိပေးစာများပေးပို့ရသည်။[၁၂၅] ကန်တော့လက်ဆောင်ဆက်သရမည့် မြို့ရွာစာရင်းမှာ လွှတ်တော်တွင် ထားရှိသဖြင့် လာရောက်မဆက်သသောစော်ဘွား၊ မြို့စားတို့၏ စာရင်းကို အလွယ်တကူသိနိုင်လေသည်။ မဆက် သသူတို့ထံမှ လက်ဆောင်ကို တောင်းဆိုသည့် စော်ဘွား၊ မြို့စားကွယ်လွန်လျှင် (သို့မဟုတ်) မရှိလျှင် ၎င်းအရိုက်အရာဆက်ခံသူထံတောင်း ဆိုသည်။[၁၂၆]

စော်ဘွား၊ မြို့စားတို့သည် မြန်မာဘုရင်အား သတ်မှတ်ထားသည့် အချိန်ကာလတွင် ကန်တော့လက်ဆောင်ဆက်သရန် တာဝန်ရှိသော်လည်း ထိုအချိန်အတွင်း စော်ဘွားကွယ်လွန်လျှင် စော်ဘွားအရာဆက်ခံမည့်သူသည် မြို့စားဖြစ်ပါက ကန်တော့လက်ဆောင်ဆက်သရန် မလိုပေ။ သာဓကအားဖြင့် မိုးနဲစော်ဘွား သေလွန်သော် သားမှာ မြို့စားအရာသာရသဖြင့် မိုးနဲစော်ဘွားကမဆက်ဘဲ ကျန်သောကန်တော့လက်ဆောင်ကိုမဆက်ရဘဲ လွှတ်ငြိမ်းခွင့်ရ သည်။[၁၂၇] ကန်တော့လက်ဆောင်များ ဆက်သရာတွင် ဘုရင်ကိုသာမကဘဲ အိမ်ရှေ့မင်းကိုပါ ကန်တော့လက်ဆောင်ဆက်သသည့် သာဓကများရှိခဲ့သည်။ သံလွင်အရှေ့ဘက်ကျိုင်းတုံမြို့မှ နှစ်စဉ်ဆက်သမြဲ ရှိခိုးကန်တော့လကဆောင်စာရင်းနှင့်တကွ ရာဇဌာနီသို့ ပေးပို့ရာတွင် စော်ဘွားသာမက စော်ဘွားကတော်၊ အမတ်စသည်တို့ကပါ ကန်တော့လက်ဆောင်ဆက်သ

---

[၁၂၂] တော်စိန်ခို၊ *၁၉၆၀*၊ ၁၄၂-၄၃

[၁၂၃] တော်စိန်ခို၊ *၁၉၆၀*၊ ၁၄၂-၄၃

124 Than Tun, *1987*, 755

[၁၂၅] တော်စိန်ခို၊ *၁၉၆၀*၊ ၁၄၁

126 Than Tun, *1988 a*, 269

127 Than Tun, *1988 a*, 269

သည်ကိုတွေ့ရသည်။ [၁၂၈] စော်ဘွားတို့၏ ကန်တော့လက်ဆောင်တန်ဘိုးထက် မြန်မာဘုရင်လက်ဆောင် အဖြစ်ပေးလိုက်သော တန်ဘိုးကပို၍ များပြားသည်ဟု ဆိုသည်။[၁၂၉]

စော်ဘွား၊ မြို့စားတို့သည်လည်း မြန်မာဘုရင်များကဲ့သို့ပင် မိမိတို့သက်ဆိုင်ရာ နယ်ပယ် အသီးသီးတွင် ကန်တော့ခံ အခမ်းအနားကိုကျင်းပကြသည်။ ကန်တော့ခံပွဲကို နှစ်စဉ် သီတင်းကျွတ်လတွင် တစ်ကြိမ်၊ နှစ်သစ်ကူး တန်ခူးလတွင် တစ်ကြိမ်၊ တစ်နှစ်လျှင် နှစ်ကြိမ် အခမ်းအနားဖြင့် ကန်တော့ခံသည်။ စော်ဘွားတို့အား ကန်တော့ရန်လာကြသူများသည် မိမိတို့တတ်နိုင်သည့် လက်ဆောင်ပစ္စည်းများကို ယူဆောင်လာကြရသည်။ [၁၃၀] ရုံဖန်ရုံခါ ရှမ်းနယ်မှ ထူးဆန်းသည့်ကန်တော့လက်ဆောင်များဖြစ်သည့် လူက မွေးသည့် မျောက်၊ [၁၃၁] ကျောက် ပုတ် [၁၃၂] နှင့် ကျိုင်းတောင်နယ်မှ လုံများ [၁၃၃] ဆက်သမှုကိုလည်း တွေ့ရသည်။ ထိုကန်တော့ခ အခမ်းအနားတွင် စော်ဘွားကြီးသည် ချီးမြှင့်မြှောက်စားထိုက်သူများကို ဘွဲ့ထူး၊ ဂုဏ်ထူး အသီးသီးပေးအပ်ချီးမြှင့်သည်။ စော်ဘွားကပေးအပ်ချီးမြှင့်သောဘွဲ့များမှာ–

**ဇယား(၅) စော်ဘွားတို့မှ ချီမြှင့်မြှောက်စားထိုက်သူတို့အားပေးသော ဘွဲ့ထူး၊ ဂုဏ်ထူးများ**

| အမည် | ပေးအပ်သောဘွဲ့ထး/ဂုဏ်ထူးများ |
|---|---|
| ပုဖ | (စော်ဘွားကြီး၏နောင်တော်ဘွဲ့) |
| ခံမိုင်းဖ | (မိုင်းဖ–တပ်ဖွဲ့) |
| ခံရွက်ဖ | (ရွက်ဖ–တပ်ဖွဲ့) |
| ဖောင်းဖ | (ဖောင်းဖ–တပ်ဖွဲ့) |
| စစ်လုံဆိုင်း | (စပ်လုံ–တပ်ဖွဲ့) |
| ဆိုင်လုံးခံ | (ဆိုင်လုံ–တပ်ဖွဲ့) |
| ဆိုင်အုပ်မိုင်း | (ဆိုင်အုပ်–တပ်ဖွဲ့) |
| ဆိုင်ရွက်မိုင်း | (ဆိုင်ရွက–တပ်ဖွဲ့) |
| ဆိုင်ထူးမိုင်း | (ဆိုင်ထူ–တပ်ဖွဲ့) |
| ဆိုင်နော်မိုင်း | (ဆိုင်နော်–တပ်ဖွဲ့) |
| ဆိုင်လောခံ | (ဆိုင်လော–တပ်ဖွဲ့) |

[၁၂၈] သံလွင်အရှေ့ဘက် ကျိုင်းတုံမြို့က နှစ်စဉ်ဆက်သမြဲ ရှိခိုးကန်တော့လက်ဆောင်တော်စာရင်း ဘုရား၊ ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်အမှတ်–၁၁၀၄။

[၁၂၉] ဒေါက်တာသန်းထွန်း၊ နယ်လှဲ့ရာဇဝင်၊ ၃တွဲ၊ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်၊ ၁၉၆၈၊ ပထမတွဲ၊ မျက်–၃၄

[၁၃၀] ခေမိန္ဒ၊ *၁၉၁၀*၊ ၂၂၃

131 Than Tun, *1986 b*, 644

132 Than Tun, *1986 b*, 921

133 Than Tun, *1988 a*, 226

| | |
|---|---|
| ဆိုင်တာခံ | (ဆိုင်တာ–တပ်ဖွဲ့) |
| တာမိုင်းခံ | (တာမိုင်း–တပ်ဖွဲ့) |
| ကန်မိုင်းခံ | (ကန်မိုင်း–တပ်ဖွဲ့) |
| ခံပီညွတ် | (ပီ–တပ်ဖွဲ့) |
| မတ်နာ | (ငယ်မည်ပျောက်ဘွဲ့) |

ဟူ၍ဖြစ်သည်။[၁၃၄]

ကုန်းဘောင်ခေတ်မြန်မာဘုရင်တို့သည် ရှမ်းနယ်ရှိစော်ဘွား၊ မြို့စားအားအချိန်မှန်မှန် လာရောက်၍ ကန်တော့လက်ဆောင်ဆက်သစေခြင်းမှာ ထိုစော်ဘွား၊ မြို့စားတို့ကို မြန်မာဘုရင်ကသစ္စာပေးထားသည့်အားလျော်စွာ၊ ၎င်းတို့သည် မြန်မာဘုရင်လက်အောက်ခံများနှင့် သစ္စာခံများဖြစ်သည် ဆိုသည်ကို အမှတ်ရသိမြင်စေလိုခြင်း၊ မြန်မာဘုရင်၏ တန်ခိုးအရှိန်အဝါ ကြီးမားသည်ကို ပြသလိုခြင်းကြောင့်ဖြစ်သည်။ စော်ဘွားတို့မှာလည်း ၎င်းတို့လက်အောက်ခံငယ်သားတို့အား မြန်မာဘုရင်တို့နည်းတူ ကျင့်သုံးသည့် အထက်အောက်ဆက်ဆံရေးပင်ဖြစ်သည်။

အချုပ်ဆိုရသော် နောက်ခံသမိုင်းတွင် ကုန်းဘောင်ခေတ်အမိန့်တော်များကို အခြေပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စစ်ရေး၊ တရားစီရင်ရေး၊ သာသနာရေး၊ အုပ်ချုပ်ရေးဆိုင်ရာများကို ဆရာကြီး ဒေါက်တာသန်းထွန်း၏ အမိန့်တော်များမှ ပိုင်းခြားနိုင်ခဲ့သည်။ အုပ်ချုပ် ရေး နယ် ပယ် အတိုး အလျော့၊ နယ်ပယ်သတ်မှတ်ချက်၊ နယ်မြေအငြင်းပွားမှု ပြဿနာများ ဖြေရှင်းချက်များ၊ မြို့ကျေးရွာသတ်မှတ်ချက်နှင့်အစုအမှုထမ်းများ ချထားမှုတို့ကို လေ့လာ တင်ပြထားပါသည်။

အုပ်ချုပ်ရေးကဏ္ဍတွင်လည်း အမိန့်တော်များမှ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ ရာထူးခန့်ထားမှု၊ ရှမ်းပြည်နယ်အတွင်း စစ်ဖြစ်ပွားရာအရပ်များ၊ ရှမ်းနယ်တရားစီရင်ရေး၊ အမိန့်တော်များမှ အမှုစီရင်ပုံ၊ အမိန့်တော်များမှအမှုများ၊ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရေး၊ သာသနာရေး ဆောင်ရွက်ချက်များ၊ စီးပွားရေးတို့ကို အမိန့်တော်များမှ ထုတ်နှုတ်တင်ပြကာ ခေတ်ပြိုင်အထောက်အထားဖြင့် ကိုးကားပြီး ရှမ်းပြည်နယ်၏အုပ်ချုပ်ရေးကို အသေးစိတ် ဖေါ်ထုတ်ထားပါသည်။

အခွင့်အရေးများပေးသနားသည့် အခန်းကဏ္ဍတွင် အဆောင်အရွက်အစီးအနင်းများကို ရာထူးအလိုက်ခွဲခြားပေးကမ်းခြင်း၊ စော်ဘွားရိုးဆက်ခံမှု၊ ရပိုင်ခွင့်များ၊ မြန်မာဘုရင်မှ စော်ဘွားတို့အားပေးအပ်သော ဘွဲ့အမျိုးမျိုး၊ ရှမ်းနယ်အုပ်ချုပ်ရေးအရာရှိများ၏ ရပိုင်ခွင့်များ၊ မြန်မာဘုရင်တို့အားလက်ဆောင်ဆက်ခြင်း၊ စော်ဘွားတို့မှ ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်သင့်သူတို့အား ပြန်လည်ပေးအပ်ခြင်းစသည့် အခွင့်အရေးများပေးခြင်းဖြင့် အထက်အောက်ဆက်ဆံရေးကို ပြေလည်အောင် ဆောင်ရွက်သည့် အုပချုပ်ရေးပရိယာယ်ကို အမိန့်တော်များမှ ထုတ်နှုတ်နိုင်ခဲ့သည်။

အချုပ်ဆိုရသော် ကုန်းဘောင်ခေတ်ရှမ်းနယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့သည် ညောင်ရမ်းခေတ်၏ အုပ်ချုပ်ရေး၊ စီးပွားရေးထက် တိုးတက်ပြောင်းလဲလာခြင်း၊ နယ်ခြားပြဿနာများရှိခဲ့သော်လည်း ရာဇာဌာနီနှင့် ရှမးနယ်အုပ်ချုပ်ရေးကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်စွမ်းရှိခဲ့သည်။ ဘာသာ၊ သာသနာအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုရှိသည့်ကာလ ဟုဆိုနိုင်ပါသည်။

---

[၁၃၄] ခေမိန္ဒ၊ ၁၉၁၀၊ ၂၂၃

## နောက်ဆက်တွဲ (က)
## အမိန့်တော်များမှ ရှမ်းပြည်နယ်ဆိုင်ရာမြို့ကျေးရွာများ
## (ခုနှစ်အလိုက်စဉ်သည်)

| | | |
|---|---|---|
| အညာကျိုင်း | (၂၆ စက်တင်ဘာ ၁၆၀၅) | |
| သေည်မြို့ | (၂၆ စက်တင်ဘာ ၁၆၀၅) | |
| ကျိုင်းချိုင်မြို့ | (၂၆ စက်တင်ဘာ ၁၆၀၅) | |
| သိန္နီ | (၇ နိုဝင်ဘာ ၁၆၃၇) | လားရှိုးခရိုင် |
| ညောင်ရွှေ | (၇ နိုဝင်ဘာ ၁၆၃၇) | တောင်ကြီးခရိုင် |
| ကျိုင်းတုံ | (၇ နိုဝင်ဘာ ၁၆၃၇) | ကျိုင်းတုံခရိုင် |
| မိုင်းစစ် | (၇ နိုဝင်ဘာ ၁၆၃၇) | |
| ဟဲလဲ | (၇ နိုဝင်ဘာ ၁၆၃၇) | |
| နဲလေ | (၇ နိုဝင်ဘာ ၁၆၃၇) | |
| လေည် | (၇ နိုဝင်ဘာ ၁၆၃၇) | |
| ကျိုင်းရုံမြို့ | (၇ နိုဝင်ဘာ ၁၆၃၇) | |
| ကျိုင်းသေည် | (၇ နိုဝင်ဘာ ၁၆၃၇) | |
| မိုင်းဆော် | (၇ နိုဝင်ဘာ ၁၆၃၇) | |
| မိုင်းဟုံမြို့ | (၇ နိုဝင်ဘာ ၁၆၃၇) | |
| သီပေါ | (၁ နိုဝင်ဘာ ၁၆၄၆) | ကျောက်မဲခရိုင် |
| ကျိုင်းသင်မြို့ | (၆ စက်တင်ဘာ ၁၅၇၃) | |
| လဲချား | (၉ ဧပြီ ၁၆၉၂) | လွိုင်လင်ခရိုင် |
| မိုင်းစိတ် | (၉ ဧပြီ ၁၆၉၂) | |
| မိုးတား | (၂ ဇန်နဝါရီ ၁၇၅၅) | |
| မိုးမိတ် | (၂ ဇန်နဝါရီ ၁၇၅၅) | |
| ယင်းခဲ | (၂ ဇန်နဝါရီ ၁၇၅၅) | |
| သုံးဆယ် | (၂ ဇန်နဝါရီ ၁၇၅၅) | |
| မိုးနဲ | (၃ နိုဝင်ဘာ ၁၇၅၅) | လွိုင်လင်ခရိုင် |
| လွယ်မယ် | (၄ စက်တင်ဘာ ၁၇၇၃) | တောင်ကြီးခရိုင် |
| အောင်ပန်းရွာ | (၄ စက်တင်ဘာ ၁၇၇၃) | တောင်ကြီးခရိုင် |
| မက်မွန် | (၄ စက်တင်ဘာ ၁၇၇၃) | |
| ပါကယ်ရွာ | (၄ စက်တင်ဘာ ၁၇၇၃) | |
| မိုင်းလုံမြို့ | (၁၄ ဩဂုတ် ၁၇၈၇) | |
| မိုင်းညောင် | (၁၄ ဩဂုတ် ၁၇၈၇) | |
| ရောက်စောက် | (၂၄ ဇန်နဝါရီ ၁၇၈၈) | |
| ပွေးလှ | (၂၄ ဇန်နဝါရီ ၁၇၈၈) | |

| | | |
|---|---|---|
| ရှာင် | (၂၄ ဇန်နဝါရီ ၁၇၈၈) | |
| မိုင်းပန် | (၂၁ မတ် ၁၇၈၈) | လားရှိုးခရိုင် |
| ကျိုင်းတောင် | (၂၃ မတ် ၁၇၈၈) | လွိုင်လင်ခရိုင် |
| မော်တုံး | (၂၈ မေ ၁၇၉၅) | |
| လောသာ | (၂၈ မေ ၁၇၉၅) | |
| မိုင်းကိုင် | (၁၅ ဇွန် ၁၇၉၅) | လွိုင်လင်ခရိုင် |
| လက်မိုင်းမြို့ | (၆ ဖေဖော်ဝါရီ ၁၈၀၆) | |
| နာပက်မြို့ | (၁၈ ဖေဖော်ဝါရီ ၁၈၀၆) | |
| မင်းတိမ် | (၁၈ ဖေဖော်ဝါရီ ၁၈၀၆) | |
| မောက်မယ် | (၂၀ ဇွန် ၁၈၀၆) | လွိုင်လင်ခရိုင် |
| မိုးပျည်းမြို့ | (၁၅ ဇူလိုင် ၁၈၀၆) | |
| မိုင်းလျည်မြို့ | (၂၄ ဇူလိုင် ၁၈၀၆) | |
| မိုင်းသွပ် | (၄ ဇန်နဝါရီ ၁၈၀၇) | |
| ကျေးခိုဝယ်ရွာ (မိုးနဲမြို့) | (၁၅ ဇန်နဝါရီ ၁၈၀၇) | လွိုင်လင်ခရိုင် |
| မိုင်းခဲ | (၁၇ မတ် ၁၈၀၇) | |
| လွယ်လုံ | (၁၀ စက်တင်ဘာ ၁၈၀၇) | |
| မိုင်းကာမြို့ | (၁၆ နိုဝင်ဘာ ၁၈၀၇) | ကျိုင်းတုံခရိုင် |
| ကိုင်းမား | (၃၀ စက်တင်ဘာ ၁၈၀၈) | |
| မိုင်းခိုင်း | (၃၀ စက်တင်ဘာ ၁၈၀၈) | |
| မိုင်းဝမ်း | (၃၀ စက်တင်ဘာ ၁၈၀၈) | |
| ဟိုသာ | (၁၁ ဒီဇင်ဘာ ၁၈၁၀) | |
| ကျောက်ဂူလေးရွာ | (၁၁ ဒီဇင်ဘာ ၁၈၁၀) | |
| မိုင်းလားကြီး | (၂၉ ဇန်နဝါရီ ၁၈၁၁) | |
| မိုင်းလားငယ် | (၂၉ ဇန်နဝါရီ ၁၈၁၁) | |
| မိုင်းယွန် | (၂၉ ဇန်နဝါရီ ၁၈၁၁) | |
| မိုင်းဟာင် | (၂၉ ဇန်နဝါရီ ၁၈၁၁) | |
| မယ်သာ | (၂၉ ဇန်နဝါရီ ၁၈၁၁) | |
| မွန်ဟွန်ရွာ (ကျိုင်းတောင်း) | (၈ အောက်တိုဘာ ၁၈၁၁) | |
| ဘူးရွာ (ရွှေညောင်) | (၂၄ ဩဂုတ် ၁၈၁၇) | တောင်ကြီးခရိုင် |
| ဟိုဟံ | (၁၉ စက်တင်ဘာ ၁၈၁၁) | |
| ဘော်ဆိုင်း | (၁၁ ဇန်နဝါရီ ၁၈၄၇) | |
| ကျောက်တပ် | (၇ ဧပြီ ၁၈၅၆) | |

| | | |
|---|---|---|
| ပင်းတယ | (၇ ဧပြီ ၁၈၅၆) | တောင်ကြီးခရိုင် |
| ယင်းခဲ | (၂၄ စက်တင်ဘာ ၁၈၅၈) | |
| အင်းငှရွာ | (၂၉ စက်တင်ဘာ ၁၈၅၈) | |
| ကျောက်တန်း | (၂၉ စက်တင်ဘာ ၁၈၅၈) | ကျောက်မဲခရိုင် |
| ဟဲလုံ | (၆ အောက်တိုဘာ ၁၈၅၈) | |
| မိုးတားမြို့ | (၇ ဖေဖော်ဝါရီ ၁၈၅၉) | |
| ညောင်ပင်သာရွာ | (၈ ဖေဖော်ဝါရီ ၁၈၅၉) | ကျောက်မဲခရိုင် |
| ကျောက်မဲရွေးရွာ | (၈ ဖေဖော်ဝါရီ ၁၈၅၉) | |
| ခေါမင်ရွာ | (၈ ဖေဖော်ဝါရီ ၁၈၅၉) | |
| ရှမ်းသူငယ်ရွာ | (၈ ဖေဖော်ဝါရီ ၁၈၅၉) | |
| သီကျစ် | (၇ မတ် ၁၈၅၉) | ရှမ်းပြည်နယ်တောင်ပိုင်း |
| ဟန်စည်ကွန်ရွာ (စောလမြို့) | (၇ မတ် ၁၈၅၉) | |
| ပန်ခွာရွာ (စောလှမြို့) | (၇ မတ် ၁၈၅၉) | |
| မိုင်းတုံကြီးရွာ | (၇ မတ် ၁၈၅၉) | |
| စင်တလင်ရွာ | (၇ မတ် ၁၈၅၉) | |
| လွန်ကျော်ရွာ | (၇ မတ် ၁၈၅၉) | |
| မိုင်းတွန် | (၁၂ ဇန်နဝါရီ ၁၈၇၉) | |
| မိုင်းပွန် | (၁၂ ဇန်နဝါရီ ၁၈၇၉) | လွိုင်လင်ခရိုင် |
| မိုးလိုင် | (၂၀ မေ ၁၈၈၄) | |

ပင်ရင်း။ ။ Than Tun, *1983*, 181, 278, 295, 301, 302, 461; Than Tun, *1985a*, 101, 286; Than Tun, *1985b*, 90, 122, 273, 274; Than Tun, *1986a*, 570; Dr Than Tun, *The Royal Orders of Burma, (A.D 1598-1885)*, A.D 1788-1806, The Center for Southeast Asian Studies, Vol.V, Kyoto University, 1986, p.353, 410, 413, 518, 539, 564, 787, 801, 832, 907, 926, 935 (Henceforth: Than Tun, *1986a*); Than Tun, *1986c*, p.322, 334, 338, 534, 587, 824, 843; Dr. Than Tun, *The Royal Orders of Burma, (A.D 1598-1885)*, A.D 1811-1819), The Center for Southeast Asian Studies, Vol.VII, Kyoto University, 1988, p.183, 226, 410, 439 (Henceforth: Than Tun, *1988a*); Dr Than Tun, T*he Royal Orders of Burma (A.D 1598-1885)*, A.D 1819-1853, The Center for Southeast Asian Studies, Vol.VIII, Kyoto University, 1988, p.880 (Henceforth: Than Tun, *1988b*); Dr Than Tun, *The Royal Orders of Burma (A.D 1598-1885)*, A.D (1853-1885), The Center for Southeast Asian Studies, Vol.IX, Kyoto University, 1986, p.443, 516, 522, 536, 561, 582, 586, 947, 1064 (Henceforth: Than Tun, *1986d*); မြေပုံ (၂) ရှမ်းပြည်နယ်မြေပုံ







## နောက်ဆက်တွဲ (ခ)


## ကျိုင်းရုံးကြီး (၁၂) ပန္နားစာရင်း

| သံလွင်မြစ်အနောက်ဘက် | | ရေ | ပန္နား |
|---|---|---|---|
| ကျိုင်းရုံးကြီးမြို့ | | ၁ | |
| မိုင်းဟန်မြို့ | | ၁ | |
| မိုင်းဘုံမြို့ | | ၁ | |
| မိုင်းနွံမြို့ | | ၁ | |
| | ပေါင်း | ၄ | ၁ ပန္နား |
| မိုင်းစဲမြို့ | | ၁ | |
| မိုင်းအောင်မြို့ | | ၁ | |
| ကျိုင်းကူမြို့ | | ၁ | |
| | ပေါင်း | ၃ | ၁ ပန္နား |
| မိုင်းတွန်းမြို့ | | ၁ | |
| မိုင်းပန်မြို့ | | ၁ | |
| | ပေါင်း | ၂ | ၁ ပန္နား |
| မိုင်းလုံမြို့ | | ၁ | |
| | ပေါင်း | ၁ | ၁ ပန္နား |
| ကျိုင်းလောမြို့ | | ၁ | |
| မိုင်းမန်မြို့ | | ၁ | |
| မိုင်းစံမြို့ | | ၁ | |
| လံနိုမြို့ | | ၁ | |
| | ပေါင်း | ၄ | ၁ ပန္နား |
| မိုင်းဟဲမြို့ | | ၁ | |
| မိုင်းစိန်မြို့ | | ၁ | |
| မိုင်းရင်းမြို့ | | ၁ | |
| မိုင်းဝင်းမြို့ | | ၁ | |
| မိုးညှင်းမြို့ | | ၁ | |
| မိုင်းငတ်မြို့ | | ၁ | |
| မိုင်းခွန်မြို့ | | ၁ | |
| | ပေါင်း | ၇ | ၁ ပန္နား |
| သံလွင်မြစ်အရှေ့ဘက် | | | |
| မိုင်းလမြို့ | | ၁ | |

| | | | |
|---|---|---|---|
| မိုင်းပန်မြို့ | | ၁ | |
| | ပေါင်း | ၂ | ၁ ပန္နား |
| မိုင်းဘုံမြို့ | | ၁ | |
| မိုင်းရွဲမြို့ | | ၁ | |
| မိုင်းမင်းမြို့ | | ၁ | |
| မိင်းဟိန်မြို့ | | ၁ | |
| မိုင်းဗန်မြို့ | | ၁ | |
| | ပေါင်း | ၅ | ၁ ပန္နား |
| မိုင်းလားမြို့ | | ၁ | |
| မိုင်းဝင်းမြို့ | | ၁ | |
| | | ၂ | ၁ ပန္နား |
| ပေါင်း | | | |
| မိုင်းအူမြို့ | | ၁ | |
| အူတိုက်မြို့ | | ၁ | |
| | ပေါင်း | ၂ | ၁ ပန္နား |
| ကျိုင်းတောင်မြို့ | | ၁ | |
| ကော်လမြို့ | | ၁ | |
| အီငူးမြို့ | | ၁ | |
| | ပေါင်း | ၃ | ၁ ပန္နား |
| | ပေါင်း | | ၁၂ ပန္နား |

**ဓာတ်ပုံများ**

| | | |
|---|---|---|
|  |  |  |
| ဓာတ်ပုံ (၁) ထီး | ဓာတ်ပုံ (၂) စည်ရှည် | ဓာတ်ပုံ (၃) အခမ်းအနားသုံးစည် |
|  |  |  |
| ဓာတ်ပုံ (၄) စည်တိုနှင့်စည် | ဓာတ်ပုံ (၅) နှဲ | ဓာတ်ပုံ (၆) ပလွေ |
|  |  |  |
| ဓာတ်ပုံ (၇) လေမှုတ်တူရိယာ | ဓာတ်ပုံ (၈) လင်းကွင်း | ဓာတ်ပုံ (၉) ကွမ်းခွက် |
|  |  |  |
| ဓာတ်ပုံ (၁၀) ရွှေလ္ဘက်အိုး | ဓာတ်ပုံ (၁၁) လှေ နှင့် စီးနင်းစရာ | ဓာတ်ပုံ (၁၂) ထီးဖြူရုံ (သကြိုလ်ပုံအခမ်းအနား) |

| | | |
|---|---|---|
|  |  |  |
| ဓာတ်ပုံ (၁၃) ပလ္လင်၊ မိုင်းပွန် | ဓာတ်ပုံ (၁၄) ဓား | ဓာတ်ပုံ (၁၅) မြင်း နှင့် (ကကြိုးတန်ဆာပလာအစုံ) |
|  |  |  |
| ဓာတ်ပုံ (၁၆) ဟော် (ကြာခံနှစ်ဆင့်)၊ | ဓာတ်ပုံ (၁၇) ရွှေမောင်း | ဓာတ်ပုံ (၁၈) လှံ |


မြေပုံ (၁)–ကုန်းဘောင်ခေတ်နှောင်းမြန်မာပိုင်နက်




http//www.E:\Data\MilitaryHistory,2013\Military_history_of_Burma_files

မြေပုံ (၂)–ရှမ်းကိုးပြည်ထောင်

SKETCH SHOWING KO SHAN PYI (NINE SHAN STATES) (After Yule 1858)




(See ROB 30 September 1801 and 3 October 1808)

**ကျမ်းကို**

**:စာရင်း**

**မရင်းအ**

**ထောက်**

**အထားမ**

**ျား**

ဒေါက်တ

ာ

တ

း

လ

လက်ရေးမှု

*နိုင်ငံတော်လမ်းပေါက်ဝံစာရင်းဘုရား*၊ ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်အမှတ်–၇၂၆

*သံလွင်အရှေ့ဘက်ကျိုင်းတုံမြို့က နှစ်စဉ်ဆက်သမြရှိခိုးကန်တော့လက်ဆောင်တော် စာရင်းဘုရား*၊ ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်အမှတ–၁၁၀၄

*အမိန့်တော်နှင့်မင်း ၆ ပါးဥပဒေ*၊ လွတ်ရုံးငါးရပ်ဥပဒေဘုရား၊ ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်အမှတ်–၃၉၇

**ပုံမနှိပ်ရသေးသောကျမ်းများ**

ခင်မောင်ဌေး၊ *ကုန်းဘောင်ခေတ်မြန်မာ့အုပ်ချုပ်ရေးသမိုင်း*၊ ၁၇၅၂–၁၈၈၅၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ၁၉၇၄။

**မြန်မာစာအုပ်များ**

ခေမိန္ဒ၊ ဦး၊ *မိုးမိတ်ရာဇဝင်တော်သစ်ကြီး*၊ တောင်ကြီး၊ ပဒေသရာဇ်ပုံနှိပ်တိုက်၊ ၁၈၁၀

တော်စိန်ခို၊ *လွှတ်တော်မှတ်တမ်း*၊ ဦးအောင်သိန်း (တည်းဖြတ်)၊ ရန်ကုန်၊ အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာ၊ ၁၉၆၀

တင်၊ ဦး၊ *မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်ဘိုးတော်ဘုရား၏ရာဇသတ်ခေါ်အမိန့်တော်တမ်းကြီး*၊ ၅ တွဲ၊ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅

ပြည်နယ်နှင့်တိုင်းများရှိခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၊ ရှမ်း*ပြည်*နယ၊ ၂၀၀၁၊ ဒီဇင်ဘာ၊ ၃၁

မောင်မောင်တင်၊ ဦး၊ *ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး*၊ ၃ တွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၈

မြင့်လွင်၊ ကမ္ဘောဇ၊ *သိကောင်းဘွယ်ရာရှမ်းပြည်မှာ*၊ ရန်ကုန်၊ အေးအေးစာပေ၊ ၁၉၆၅

မြန်မာ့ဆိုရှယ်လစ်စဉ်ပါတီ၊ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံ (ရှမ်း)၊ ရန်ကုန်၊ စာပေ ဗိမာန်၊ ၁၉၆၈

သီရိဥဇနာ၊ ဝန်ကြီး၊ *လောကဗျူဟာကျမ်း၊ အင်ရုံစာတမ်း၊* ဦးဘိုးလတ် (တည်းဖြတ်)၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၂

ရှေးဟောင်းစာပေသုတေသီတစ်ဦး၊ *သီပေါမင်းလက်ထက်သက္ကရာဇ် ၁၂၄၇ တော်သလင်းလ တွင်ပုံနှိပ်သတ်မှတ်ခဲ့သည့် အကောက်နှုန်းစာရင်း*၊ စာတွဲ (၂)၊ မြန်မာမှုဗိမာန်စာပေ ဘဏ်

သခ်ီ၊ *လက်ဘက်ယဉ်ကျေးမှု*၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆

သန်းထွန်း၊ ဒေါက်တာ၊ *နယ်လှဲ့ရာဇဝင်*၊ ၃ တွဲ၊ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်၊ ၁၉၆၈

**စာတမ်းနှင့်ဆောင်းပါးများ**

ထင်ကျော်၊ မောင်၊ "အင်းလေးစစ်တမ်း"၊ *တက္ကသိုလ်ပညာပဒေသာစာစောင်*၊ အတွဲ ၃၊ အပိုင်း ၄၊ ၁၉၆၈

ဝင်းသန့်၊ တက္ကသိုလ်၊ နယ်မြေအလုအငြင်းဖြတ်စာတစ်စောင်၊ *ဟံသာဝတီနေ့စဉ်*၊ ၁၈ ဇွန် ၁၉၇၈

**ဓာတ်ပုံများ**

ဓာတ် ပု–၁ မှ ၁၈ ထိ၊ ဒေါက်တာ မိုးမိုးဦးစာစု

**အင်္ဂလိပ်စာအုပ်များ**

Scott, J.G, *Gazetteer of Upper Burma and the Shan States*, 5 vols, Rangoon, Government Print, 1900

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1598-1648, Kyoto the Center for Southeast Asian Studies, Kyoto University, 1983

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1649-1750, Kyoto the Center for Southeast Asian Studies, Kyoto University, 1985

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1751-1781, Kyoto the Center for Southeast Asian Studies, Kyoto University, 1985

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1782-1787, Kyoto the Center for Southeast Asian Studies, Kyoto University, 1986

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1788-1806, Kyoto the Center for Southeast Asian Studies, Kyoto University, 1986

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1807-1810, Kyoto the Center for Southeast Asian Studies, Kyoto University, 1986

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1811-1819, Kyoto the Center for Southeast Asian Studies, Kyoto University, 1988

an Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1819-1853, Kyoto the Center for Southeast Asian Studies, Kyoto University, 1988

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, A.D.1853-1885, Kyoto the Center for Southeast Asian Studies, Kyoto University, 1989

Than Tun, Dr., ed., *The Royal Orders of Burma (A.D 1598-1885)*, Epilogue, Glossary and Index, Kyoto the Center for Southeast Asian Studies, Kyoto University, 1990

Yule, Henry, *A Narrative of the Mission to the Court of Ava*, Kuala Lumpur: Oxford University Press, 1968